*Established since April 2000*

# COMMUNICATION BULLETIN

## MYANMAR CHRISTIAN COMMUNICATION SERVICES

Vol(9). No.(101) August - 2008



Rev. Mary Hau Lun Cing

*Jhk*

# စကားဦး

MC ဇနီးမောင်နှံ ယခုလတွင်လည်း နာရေးအကြောင်းကစတင်ပြီး ဆွေးနွေးရသည်ကိုတော့ စာဖတ်သူတို့ကို အားနာမိကြပါသည်။ သို့ပါသော်လည်း ဤနာရေးအကြောင်းကိုမရေးဖြစ်လျှင် MC ဇနီးမောင်နှံအနေနှင့် တသက်လုံးတနုံ့နုံ့ ခံစားကြရမည်ဖြစ်၍ မရေးမဖြစ်ရေးကြရပြန်သည်။

၂၀၀၈ ခုနှစ် ဇူလိုင်လ(၃၀)ရက်နေ့တွင် ရန်ကုန်မြို့ကျေးဇူးတော်အသင်းတော် (Grace church)၏ သင်းအုပ်သိက္ခာတော်ရဆရာမကြီး မေရီဟောက်လွန်းကျင် (Rev. Mary Hau Lun Cing)သည် ခရစ်တော်၌ဘုန်းဝင်စားသွားပြီဖြစ်သည်။ စာရေးသူတို့၏တိုကျိုအသိုင်းအဝိုင်းကြားတွင် စာရေးသူတို့နှင့်ဆရာမကြီးတို့၏ဆက်နွှယ်မှုကို သိထားသူနည်းသောကြောင့်၊MC ဇနီးမောင်နှံအနေဖြင့် လူမသိ၊ သူမသိ ကြိတ်၍ဝမ်းနည်းပူဆွေးနေကြရပါသည်။

ဘုရားရှင်အသုံးပြုသောဆရာမကြီးသည် ဘာကြောင့်စောစီးစွာ ခေါ်တော်မူခြင်းခံရသနည်း။ ဆရာမကြီး၏ခင်ပွန်း Rev. Hau Lian Kham သည်လည်း ငယ်ငယ်ရွယ်ရွယ်နှင့်ခေါ်တော်မူခြင်းကို ခံခဲ့ရပြီးပြီ။ Rev. Hau Lian Kham ၏ညီ Rev. Gin Za Lian လည်း၊ စောစီးစွာခေါ်တော်မူခြင်းခံခဲ့ရပါသည်။ ဘုရားရှင်အသုံးပြုပြီး၊ အမှုတော်မြတ်တွင် ရာနှုန်းပြည့်ဆက်ကပ်အစေခံသောသူများကို အသက်ရှည်စေပြီး၊ ကာလကြာမြင့်စွာ အမှုတော်မြတ်၌ပါဝင်စေခြင်းအားဖြင့် သာသနာ၌ ပို၍ ကျယ်ပြန့်မည်မဟုတ်လော။ လူကောင်းသူကောင်းများ၊ ဘုရားအမှုတော်ဆောင်များ အသက်တိုခြင်း၊ အသက်ရှည်ခြင်းဆိုသည်မှာမည်သည့်သဘောဖြစ်ပါသနည်း။ ဆရာမကြီးတို့ကို နှမြောခြင်း၊ တမ်းတခြင်းများအပြင် ဘုရားရှင်က မည်သည့်အတွက် စောစီးစွာခေါ်တော်မူသနည်းဟု ဆိုကာ ဘုရားရှင်ကိုပင်လျှင် မေးခွန်းထုတ်သောသူများရှိနိုင်ပါသည်။

စာရေးသူတို့အနေဖြင့်လည်း ခံစားချက်များစွာရှိခဲ့သည်။ သို့ပါသော်လည်း ဤမေးခွန်း၏အဖြေကို မည်ကဲ့သို့နားလည်ခံစားကြောင်းကို ထပ်ဆင့်ဝေမျှပေးလိုပါသည်။

လူသားသည် မိမိကိုဖန်ဆင်းသော ထာဝရဘုရားကို အလုံးစုံ မသိစွမ်းနိုင်ပါ။ သိစွမ်းရန် ကြိုးစားအားထုတ်ရန် မဟုတ်ပါဟုခံစားမိကြပါသည်။ ဝမ်းနည်းပူဆွေးသူများသည် ဘုရားရှင်ထံ စောဒကတက်ရန်မဟုတ်ဘဲ၊ ဘုရားရှင်၏အလိုတော်ကို နားလည်ဝန်ခံတတ်ရန်ဖြစ်ပါသည်။

ဝမ်းနည်းပူဆွေးသူကို ဗမာများအနေနှင့် “တရားနဲ့သာဖြေသိမ့်ပါ”ဟု ပြောလေ့ရှိပါသော်လည်း၊ လက်တွေ့တွင် လွယ်ကူသောကိစ္စမဟုတ်ပါ။ တရားသဘောပေါက်မှသာလျှင် တရားနှင့်ဖြေသိမ့်နိုင်မည်ဖြစ်ပါသည်။

ရှေးဦးစွာ ဆရာမကြီး၏ ကျန်ရစ်သူသမီး(၃)ယောက်၊ မြေး(၂)ယောက်နှင့် ညီအစ်ကိုမောင်နှမ၊ ဆွေမျိုးများ၊ အသင်းသူအသင်းသားများနှင့် ဓမ္မမိတ်ဆွေများအားလုံးနှင့်ထပ်တူထပ်မျှ MC ဇနီးမောင်နှံလည်း ဝမ်းနည်းပူဆွေးလျက်ရှိနေကြောင်း သိစေလိုပါသည်။ ဘုရားရှင်၏အလိုတော်၊ အခွင့်တော်နှင့်အညီ ဖြေသိမ့်နိုင်စေကြောင်း ဤစာစောင်အားဖြင့် ရေးသားအားပေးလိုပါသည်။

စာရေးသူတို့နှင့် ဆရာမကြီးတို့၏အကြောင်းကို အနည်းငယ်မိတ်ဆက်လိုပါသည်။ ချင်းပြည်နယ်၊ တီးတိန်မြို့မ ရပ်ကွက်တွင် အတူနေထိုင်ကြသော တစ်ရပ်ကွက်သားများဖြစ်ကြသည်။ အမှုတော်မြတ်၌ ဆက်ကပ်ပါဝင်ခြင်းမပြုမီက ဆရာမကြီးသည် အ.ထ.က တီးတိန်မြို့၏ အလွန်အားထားရသောကျောင်းဆရာမတစ်ဦးဖြစ်ပါသည်။ ဆရာမ၏ဖခင်နှင့် ဂျူလီယာထန်တို့၏ ဖခင်များသည် ယခင်ရှေးခေတ်မြန်မာ့တပ်မတော်တွင် ဗိုလ်ကြီးအဆင့်ဖြင့်တာဝန်များထမ်းဆောင်ကြပြီး၊ မြန်မာနိုင်ငံနေရာအနှံ့ပြောင်းရွှေ့အမှုထမ်းကြရာ၌ အတူတူဖြစ်သောကြောင့် နှစ်အိမ့်တစ်အိမ် မိသားစုအရင်းအချာများ ဖြစ်ကြပါသည်။ ထိုမျှမက ဆရာမကြီး၏ မိခင် Pi Niang Khan Man နှင့် ဂျူလီယာထန်၏မိခင် Pi Niang Man Cing တို့သည် အဘွား Pi Ngul Za Niang ၏ နာမည်ကိုယူထားသော မြေးတစ်ဝမ်းကွဲများဖြစ်ကြကြောင်း Zomi family tree တွင် တွေ့နိုင်ပါသည်။

ဆရာကြီး Rev. Hau Lian Kham သည် မြန်မာနိုင်ငံ ဧဝံဂေလိအသင်းတော်များ၏သမိုင်းတွင် ဆရာကြီး ဦးမျိုးချစ်၊ ဆရာဖလားမင်းတို့နှင့်အတူ ချန်ထား၍မရသော ဘာသာရေးခေါင်းဆောင်ကြီးတစ်ဦးဖြစ်ပါသည်။ ဆရာကြီးသည် စာရေးသူတို့နှင့် တစ်ရပ်ကွက်တည်းနေကြပြီး၊ J.H. Cope memorial နှစ်ခြင်းအသင်းတော်ကြီး၊ (Cope Memorial Baptist Church)၏ သင်းအုပ်ဆရာကြီးအဖြစ် အမှုတော်ထမ်းခဲ့ပါသည်။ ၁၉၇၀ ခုနှစ်များအတွင်း ပေါ်ပေါက်ခဲ့သော ဝိညာဉ်တော်နိုးထမှုကြီးတွင် ခရစ်တော်၏ကယ်တင်ခြင်းဧဝံဂေလိတရားကို တက်ကြွ၊ ထက်မြက်စွာဟောကြားပြီး၊ တဟုန်ထိုးပြန့်နှံ့စေခဲ့သော ဆရာကြီး တစ်ပါးဖြစ်ပါသည်။

ဆရာကြီးတို့ဇနီးမောင်နှံသည် ဘောက်ထော်အေဂျီဓမ္မတက္ကသိုလ်၌အဓိကပါဝင်ခဲ့ကြ ပါသည်။ ဖိလိပိုင်နိုင်ငံတွင် ဓမ္မပညာများကိုဆက်လက်ဆည်းပူးပြီး၊ ကိုယ်တိုင်ဦးဆောင်တည်ထောင်ခဲ့သော ကျေးဇူးတော်အသင်းတော်ကြီး၌ သင်းအုပ်ဆရာများအဖြစ် ဆက်ကပ်ပါဝင်လျက် ရှိကြပါသည်။

ဆရာကြီးကိုယ်တိုင် အစာအိမ်ကင်ဆာရောဂါကုသနေစဉ်၊ နှလုံးရောဂါဖြင့် ခေါ်တော်မူခြင်းခံခဲ့ရပါသည်။ ဆရာမကြီးသည် အူမကြီးကင်ဆာရောဂါခံစားရ၍ ၂၀၀၇ ခုနှစ် မေလတွင်တစ်ကြိမ်၊ ၂၀၀၇ ခုနှစ် အောက်တိုဘာလတွင်

ဒုတိယအကြိမ်၊ ၂၀၀၈ ခုနှစ် မေလတွင်တတိယအကြိမ် အသက်လု ခွဲစိပ်ကုသမှုကို(၃)ကြိမ်ခံခဲ့ရပါသည်။ မမာမကျန်းဖြစ်ပြီး အိပ်ယာပေါ်ရောက်နေသော်လည်း အသက်ရှင်နေသရွေ့ အသင်းတော်၏လုပ်ငန်းများကို ဦးလည်မသုန် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ပါသည်။

Tokyo, ZCF အသင်းတော်၏ သင်းအုပ်ဆရာ Rev. Nang Lam Kim သည် ၂၀၀၈ ခုနှစ် ဇူလိုင်လအတွင်းက မြန်မာပြည်သို့ နာလ်ဂစ်မုန်တိုင်းကယ်ဆယ်ရေးကိစ္စဖြင့် ပြန်သွားစဉ်က ဆရာမကြီးကို သွားရောက်ဂါရဝပြုအားပေးစကားပြောကြားခဲ့ပါသည်။ ဆရာမကြီးအား ဗွီဒီယိုရိုက်ခဲ့သည့်ကားကိုကြည့်ရသည့်အခါ ဆရာမကြီးသည် အလွန်ပင်ပိန်လှီနေပြီး၊ လူ့အမြင်တွင် အားရစရာမရှိပါ။ သို့ရာတွင် ဆရာမကြီးက စိတ်ဓါတ်ခိုင်မာစွာ သေမင်းကိုအံတုလျက်ရှိပြီး၊ အားပေးစကားများပြန်လည်ပြောကြားခဲ့ပါသည်။ စက်တင်ဘာလ(၂၀)ရက်နေ့တွင် အသက်(၆၀)ပြည့်ကျေးဇူးတော်ချီးမွမ်းမည်။ အနာရောဂါလွတ်ငြိမ်းခြင်းအခွင့်ကိုရရှိပြီး နောက်ထပ်(၃၆)နှစ်ထိ အမှုတော်ကိုဆက်လက်ထမ်းရွက်ဦးမည်။ ယနေ့ပင်လျှင်လုပ်ဆောင်ရန်ကိစ္စအလွန်များပြားနေသည်ဟု မိမိ၏အသက်တာတခုလုံးကို ဘုရားရှင်ထံ ဆက်ကပ်ထားသည်ကို တွေ့ရပါသည်။ အားလုံးက တချိန်လုံးဆက်ကပ်ဆုတောင်းပေးကြပါသည်။ သို့သော် ခေါ်တော်မူခြင်းခံခဲ့ရသည်။ ဘုရားသခင်၏ အခွင့်တော်နှင့်အလိုတော်ကို နားလည်ပြီး၊ ဝမ်းနည်းကြေကွဲမှုများကို ဖြေသိမ့်နိုင်ရန် လိုအပ်ပါသည်။

မွေးခြင်းအစမှ သေခြင်းအဆုံးသည် လူ့ဘဝအသက်တာဖြစ်ပါသည်။ လူ့ဘဝအသက်တာဖြစ်ပါသည်။ လူ့ဘဝအစမှ အဆုံးကာလအတွင်းရှိ နှစ်၊ လ၊ ရက်၊ နာရီ စက္ကန့်များကို လူသားများက မဖန်တီးနိုင်ပါ။ မစွမ်းဆောင်နိုင်ပါ။ ဖန်ဆင်းရှင်ထာဝရဘုရား၏အခွင့်တော်အတွင်း၌သာ ရှိပါသည်။ ထို့ကြောင့် လူတစ်ဦး၏ဘဝအသက်တာ အတိုအရှည်၊ ဘုရားရှင်၏အခွင့်တော်သာဖြစ်၍ မိမိအားဖန်ဆင်းသောအရှင်သခင်၏အခွင့်တော်အတွင်း၌ အသက်ရှင်ကြရသည်ဟု ယုံကြည်လက်ခံကြရန်ဖြစ်ပါသည်။

လူ့ဘဝအသက်တာကာလအတွင်းတွင် အသက်ရှင်နေထိုင်နိုင်ရေးအတွက် ရုန်းကန်လှုပ်ရှားနေခြင်းကို ဘဝရုန်းကန်မှုဟုခေါ်နိုင်ပါသည်။ ဤဘဝရုန်းကန်လှုပ်ရှားမှုတွင် လူက မိမိကိုယ်တိုင် ရွေးချယ်ဆုံးဖြတ်သည့်အတိုင်း ရုန်းကန်လှုပ်ရှားနေရခြင်းဖြစ်သည်။ သို့မဟုတ် မိမိကိုအုပ်စိုးစီရင်ပိုင်သောသူ တစ်ဦးဦး၏ အစီအစဉ်အတိုင်း ရုန်းကန်လှုပ်ရှားနေရခြင်းလည်း ရှိနိုင်ပါသည်။ ဆိုလိုသည်မှာ လူသားတို့၏ရွေးချယ်ခွင့်အပိုင်းများ ပါဝင်နေပါသည်။ ထို့ကြောင့် စိတ်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ၊ လုပ်ရသောကိစ္စ၊ ဖြစ်ချင်တိုင်းမဖြစ်ရ၊ လုပ်ချင်တိုင်းလုပ်၍မရသောကိစ္စများလည်းရှိပါမည်။ မိမိဘဝအောင်မြင်ခြင်းကျဆုံးခြင်းသည် မိမိကြိုးစားအားထုတ်နိုင်မှုအပေါ် မူတည်သလို၊ တခါတရံ လုပ်လေမြှုပ်လေဘဝမျိုးလည်း ရှိတတ်ပါသည်။ တချို့က ကံကြမ္မာကိုရိုးမယ်ဖွဲ့တတ်ကြသည်။ တချို့က ဘဝကုသိုလ်ဟုဆို၏။ တချို့က ကောင်းချီးမင်္ဂလာ၊ တချို့က ကျိန်ခြင်းအမင်္ဂလာဟုဆိုပြန်သည်။ စာရေးသူတို့အနေနှင့် ဘဝအောင်မြင်ခြင်း၊ ကျဆုံးခြင်းကို ဘုရားသခင်၏အလိုတော်နှင့် ညီမညီအပေါ်တွင်သာ ဆုံးဖြတ်ပါသည်။

“လူသားအပေါင်းတို့သည် ကယ်တင်ခြင်းသို့ရောက်၍ သမ္မာတရားကိုသိစေခြင်းငှါ ဘုရားသခင်အလိုတော်ရှိ၏။” (၁တိ၊ ၂း၄)၊ “သင်တို့သွား၍ လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျက် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏နာမ၌ဗတ္တိဇံကိုပေးလော့၊”(မဿဲ၊ ၂၈း၁၉) ဟု မိန့်မှာချက်များသည် ဘုရားသခင်၏အလိုတော်ဖြစ်ပါသည်။ ဘုရားသခင်သည် လူသားကိုဖန်ဆင်းခြင်း၏ ရည်ရွယ်ချက်မှာ ဘုရားရှင်အား ချီးမွမ်းကိုးကွယ်ရန် ဘုရားရှင်၏ဘုန်းတော်ထင်ရှားစေရန်ဖြစ်ပါသည်။

သခင်ခရစ်တော်က ရှင်လုကာ ခရစ်ဝင်ကျမ်းထဲတွင် လာဇရုအမည်ရှိသော သူဆင်းရဲတစ်ယောက်နှင့်စည်းစိမ်၌မွေ့လျော်သောသူဌေးတစ်ယောက်အကြောင်းကိုရှင်းပြထားပါသည်။ ဘုရားရှင်၏အလိုတော်နှင့်အညီ အသက်ရှင်သောလာဇရုသည် လောကအမြင်၌ အောင်မြင်သူအဖြစ်မမြင်နိုင်သော်လည်း၊ ဘုရားရှင်၏အလိုတော်နှင့်ညီသောသူဖြစ်ပါသည်။

ထို့ကြောင့် ဘဝတခုလုံးကို ပေးဆပ်၊ ဆက်ကပ်ထားသော ဆရာမကြီးသည် ဘုရားရှင်၏အခွင့်တော်ဘဝအသက်တာကာလတွင် အလိုတော်နှင့်အညီအသက်ရှင်သောသူဖြစ်သောကြောင့် ထာဝရဘုရားရှင်၏ရင်ခွင်တော်၌ ငြိမ်းချမ်းစွာခိုနားနေပြီဖြစ်သောကြောင့် လူတို့အနေဖြင့် ဖြေသိမ့်နိုင်စွမ်းရှိကြရပါမည်။

အယောက်တိုင်း ဘုရားရှင်၏အခွင့်တော်အတွင်း အလိုတော်အတိုင်းအသက်ရှင်နိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းလိုက်ရပါသည်။

အမှုတော်မြတ်၌

Thang Nang Lian Thang & Ma Yin Yin @ Julia Man Ngaih Hau
(Publishers and editors)
Myanmar Christian Communication Bulletin
Tokyo, Japan

# မာတိကာ


| | | |
|---|---|---|
| ၁။ ဆုတောင်းခြင်း၌ဘုရားသခင်၏အလိုတော်၊ (Rev. Kenneth E. Hagin) | စာမျက်နှာ | ၅ |
| ၂။ ဘဝခရီးနှင့်စေသောရည်ရွယ်ချက်၊ (ဆရာအောင်သက်ညွန့်) | ။ | ၉ |
| ၃။ သတင်းတိုထွာ | ။ | ၁၃ |
| ၄။ ဘုရားသခင်ကိုချစ်သောစိတ်နှင့်ပြုပါ၊ (ညီအစ်ကိုကြီးဒေါက်တာတင်မောင်ထွန်း) | ။ | ၁၄ |
| ၅။ မေတ္တာမျက်စိရှိစေချင်သည်၊ (ဆရာအောင်သက်ညွန့်) | ။ | ၁၇ |
| ၆။ ဆုတောင်းပဋ္ဌနာပြုကိုးကွယ်ခြင်း၊ (ဆရာမ Neam Thian Huai) | ။ | ၂၀ |
| ၇။ ယုဒသန်နှင့်မြန်မာရွှေပြည်၊ (မောင်စင်ကြယ်) | ။ | ၂၂ |


## Myanmar Christian Communication Services


**Editor**
**Myanmar Christian Communication Service**
**1-11-13 Shin Ohashi, Yonezawa Bldg. 4.F. Koto-ku 135-0007 Tokyo, Japan**
☏- & 🖷 - **03-5625-9056**
e✉ - **haukhek@yahoo.com**, e✉ - **lianthang@hotmail.com**



ဤစာစောင်ဖြစ်မြောက်ရေးအတွက် အဖက်ဖက်မှ ပါဝင်အားပေးကြသော၊ သင်းဆရာ၊ မြင်ဆရာ၊ ကြားဆရာများနှင့်တကွ အလှူငွေအားဖြင့်ပါဝင်ကြသော အမည်မဖော်လိုသူ ခမ္မမိတ်ဆွေများ၊ ဆုတောင်းခြင်းအားဖြင့်သော်၄င်း၊ စာမူများပေးပို့ခြင်းအားဖြင့်သော်၄င်း၊ ပါဝင်ကြသော ယုံကြည်သူအပေါင်းမိတ်ဆွေအပေါင်း ဘုရားသခင်သည် သာ၍ကြွယ်ဝစွာသော ကောင်းချီးမင်္ဂလာများချပေးပါစေကြောင်း၊ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

# ဆုတောင်းခြင်း၌ ဘုရားသခင်၏အလိုတော်

ဆရာကြီးကဲနက်(သ်)၊ အီး၊ ဟေဂင်

## ဆုတောင်းခြင်းနှင့်ပတ်သက်၍ အခြားသူများ၏၏ပြောဆိုချက် (အပိုင်း-၂)

## သင်ခန်းစာ (၁၀)

ကျမ်းညွှန်း – ၁ပေ ၃း၁-၆၊ ၁၂၊ ၁ယော ၅း၁၄-၁၆၊ ယော ၆း၄-၆၊ ၁၀း ၂၆-၂၉၊ ၃ယော ၁း၂။

အခြေခံသမ္မာတရား – ဖြောင့်မတ်သူများ၏ အော်ဟစ်သံများအတွက် ဘုရားသခင်သည် မျက်လုံးများ အစဉ်ဖွင့်ထားပြီး၊ နားအမြဲစွင့်နေသည်။

ရှင်ပေတရု အသင်းတော်သို့ ရေးသားခဲ့သော ဩဝါဒစာများတွင်လည်း ယုံကြည်သူများကို ဆုတောင်းခြင်းနှင့်ပတ်သက်၍ လမ်းညွှန်မှုပေးထားသည်။

**ဇနီးသည်နှင့်ဆက်ဆံမှုမမှန်ကန်လျှင် ဆုတောင်းခြင်းကိုအဟန့်အတားဖြစ်စေသည်**

"ထိုနည်းတူ ယောကျ်ားတို့ ဆုတောင်းခြင်းအမှု၌ အဆီးအတားမရှိစေခြင်းငှါ အသက်ရှင်ခြင်းကျေးဇူးတော်ကို ဆက်ဆံ၍ အမွေခံရသောသူချင်းကဲ့သို့ သတိပညာနှင့်လျော်စွာ ကိုယ်ခင်ပွန်းနှင့်အတူနေ၍ အားနည်းသောသူကိုပြုသင့်သည်အတိုင်း သူ့ကိုစောင့်မပြုစုကြလော့"(၁ပေ ၃း၇)။ ပေတရုသည် ခင်ပွန်းနှင့်ဇနီး ယုံကြည်သူများဖြစ်သောအိမ်ထောင်များကို ပြောကြားနေခြင်းဖြစ်သည်။ "အသက်ရှင်ခြင်းကျေးဇူးတော်ကို ဆက်ဆံ၍ အမွေခံရသောသူချင်းကဲ့သို့ ... "

ခင်ပွန်းများကိုပြောကြားလိုသည်မှာ သင်၏ဆုတောင်းခြင်းအတွက် အဖြေမရရှိပါက၊ မိမိဇနီးသည်နှင့် ဆက်ဆံရေးကို ပြန်လည်သုံးသပ်ရန် လိုအပ်ပါသည်။ သင်သည် ဇနီးသည်အား ကြင်နာမှု၊ လေးစားမှုကို ပြပါသလား။ "ကိုယ်ခင်ပွန်းနှင့်အတူနေ၍ အားနည်းသောသူကို ပြုသင့်သည်အတိုင်း သူ့ကို စောင့်မပြုစုကြလော့" ထိုကဲ့သို့ လုပ်ဆောင်မှုမရှိပါက သင်၏ဆုတောင်းချက်များ၌ အဟန့်အတားများရှိနေပေမည်။

ဇနီးသည်များအားလည်း ထပ်တူပင် ဆုံးမဩဝါဒပေးထားသည်။

(၁ပေ ၃း၁-၆) အထက်ဆိုခဲ့ပြီးသည့်နည်းတူ၊ မိန်းမတို့၊ ကိုယ်ခင်ပွန်း၏အုပ်စိုးခြင်းကို ဝန်ခံကြလော့။ သို့ပြုလျှင် နှုတ်ကပတ်တရားတော်ကို နားမထောင်သော ယောကျ်ားနှင့် အချို့ရှိလျှင် ထိုသူတို့သည် တရားမနာသော်လည်း သင်တို့၏ကြောက်ရွံ့ခြင်းနှင့် စင်ကြယ်သောအကျင့်တို့ကို ထောက်၍ မိမိမယား၏အကျင့်အားဖြင့်၊ သွေးဆောင်လျက်အတူပါမည့်အကြောင်းရှိ၏။ သင်တို့၌ တန်ဆာဆင်ခြင်းမူကား ဆံပင်ကျစ်ခြင်း၊ ရွှေဆင်ခြင်း၊ အဝတ်ဝတ်ခြင်းတည်းဟူသော အပြင်တန်ဆာဆင်ခြင်းမဖြစ်စေဘဲ၊ ဘုရားသခင့်ရှေ့မှာ အဘိုးများစွာထိုက်သော နူးညံ့ငြိမ်သက်ခြင်းသဘောတည်းဟူသော မဖောက်ပြန် မပျက်စီးတတ်သော တန်ဆာဆင်ခြင်းရှိသော စိတ်နှလုံး၏ အတွင်းလူဖြစ်စေလော့။ ဘုရားသခင်ကို ကိုးစား၍ သန့်ရှင်းသောမိန်းမတို့သည် ရှေးက ထိုသို့ ကိုယ်ကို တန်ဆာဆင်လျက် စာရာသည် အာဗြဟံကို သခင်ဟု ခေါ်ဝေါ်၍သူ၏စကားကို နားထောင်သကဲ့သို့ ကိုယ်ခင်ပွန်း၏ အုပ်စိုးခြင်းကို ဝန်ခံကြ၏။ သင်တို့သည် ကောင်းမွန်စွာကျင့်၍ ကြောက်ရွံ့တုန်လှုပ်ခြင်းအလျင်းမရှိဘဲနေလျှင် စာရာ၏သမီးဖြစ်ကြ၏။

ပေတရုက ကယ်တင်ခြင်းမရရှိသေးသော ခင်ပွန်းအား နှုတ်ကပတ်တော်မပါဝင်ဘဲ စည်းရုံးလှုံ့ဆော်ခြင်းကို ဖော်ပြသည်။ "သို့ပြု၍ နှုတ်ကပတ်တရားတော်ကို နားမထောင်သောယောကျ်ားအချို့ရှိလျှင် ထိုသူတို့သည် တရားကို နားမထောင်သော်လည်း သင်တို့၏ကြောက်ရွံ့ခြင်းနှင့် စင်ကြယ်သောအကျင့်တို့ကို ထောက်ရှု၍ မိမိမယား၏အကျင့်အားဖြင့် သွေးဆောင်လျက်အတူပါမည်အကြောင်းရှိ၏။"

**ဖြောင့်မတ်သောသူတို့၏ ဆုတောင်းချက်ကို ဘုရားသခင်နားညောင်းတော်မူမည်**

ဤအခန်း၌ပင် ပေတရုသည် ဆုတောင်းခြင်းနှင့်ပတ်သက်ပြီး ဆက်လက်၍ ပြောဆိုထားပါသည်။ (၁ပေ ၃း၁၂) အကြောင်းမူကား ထာဝရဘုရားသည် ဖြောင့်မတ်သောသူတို့ကို ကြည့်ရှုတော်မူ၏။ သူတို့ ဆုတောင်းခြင်းကိုလည်း နားထောင်တော်မူ၏။ ဒုစရိုက်ပြုသောသူတို့ကိုကား ထာဝရဘုရားသည် မျက်နှာလွှဲတော်မူ၏။

ဤကျမ်းပိုဒ်၌ရည်ညွှန်းနေသော ဖြောင့်မတ်သောသူတို့ဆိုသည်မှာ အဘယ်သူနည်း။ သင်ခန်းစာ(၉)၌ သိရှိခဲ့ပြီးသည့်အတိုင်း၊ ကျွန်ုပ်တို့ ဒုတိယအကြိမ် မွေးဖွားပြီးသောသူများသည် ခရစ်တော်၌ ဖြောင့်မတ်သောသူများဖြစ်ကြသည်။ "အဘယ်ကြောင့်နည်းဟူမူကား ဘုရားသခင်သည် အပြစ်နှင့်ကင်းစင်သောသူကို ငါတို့အတွက်ကြောင့် အပြစ်ရှိသောသူဖြစ်စေတော်မူ၏။ အကြောင်းမူကား ငါတို့သည် ထိုသူအားဖြင့် ဘုရားသခင့်ရှေ့တော်၌ ဖြောင့်မတ်သောသူဖြစ်မည်အကြောင်းတည်း။"(၂ကော ၅း၂၁)၊ ဖြောင့်မတ်ခြင်းသည် ကျွန်ုပ်တို့ ကောင်းသည်၊ ဆိုးသည်ပေါ်တွင်မူမတည်ဘဲ ခရစ်တော်၌ ရပ်တည်မှုပေါ်တွင် အခြေခံသည့် သခင်ယေရှုသည် ကျွန်ုပ်တို့ဖြောင့်မတ်ခြင်းဖြစ်သည်။

ဘုရားသခင်သည် ကျွန်ုပ်တို့အား အစဉ်အမြဲကြည့်ရှုနေတော်မူပြီး "သူတို့ ဆုတောင်းခြင်းကိုလည်း နားထောင်တော်မူ၏" ဘုရားသခင်သည် ကျွန်ုပ်တို့အားကြည့်ရှုနေသည်။ ဆုတောင်းသံများအား နားစွင့်ထားသည်။ သို့ရာတွင် (၁ပေ ၃း၇)တွင် ဖော်ပြသကဲ့သို့ ကျွန်ုပ်တို့သည် မိမိတို့ဆုတောင်းချက်များအား ဟန့်တားမှုပြုလုပ်နိုင်သည်။ ဘုရားသခင်က မဟန့်တားပါ။ နားညောင်းရန် မငြင်းပယ်ပါ။ မိမိတို့က မိမိတို့ ဆုတောင်းချက်များကို ဟန့်တားနေကြခြင်းဖြစ်သည်။ ထို့ကြောင့် ထိုကဲ့သို့ မဖြစ်စေရန် သတိပြုကြပါစို့။ ထိုအခါ ဘုရားသခင်သည် ကျွန်ုပ်တို့ဆုတောင်းချက်များကို နားစွင့်နေသည်ကို သိရှိနိုင်ပေသည်။

**စောင့်နေ၍ဆုတောင်းကြလော့**

(၁ပေ ၄း၇)တွင် ကျွန်ုပ်တို့တွေ့ရှိရသည်။ "ခပ်သိမ်းသောအမှုအရာတို့သည် အဆုံးသို့ရောက်လုသည်ဖြစ်သောကြောင့် သမ္မာသတိရှိကြလော့။ ဆုတောင်းခြင်းအလို့ငှါ စောင့်နေကြလော့" သန့်ရှင်းသောဝိညာဉ်တော်၏ လှုံ့ဆော်မှုအားဖြင့် ပေတရုသည် အနာဂတ်၌ ယုံကြည်သူများ သမ္မာသတိဖြင့်စောင့်လျက် ဆုတောင်းရမည့်အချိန်ကို ကြိုတင်ပြီး၊ သတိပေးခဲ့သည်။ မာကုခရစ်ဝင်ကျမ်း၌ သခင်ယေရှုသည် နောက်ဆုံးသောကာလအကြောင်းကို သတိပေးခဲ့သည်။ "ထိုအချိန်ကာလသည် အဘယ်အခါ၌ ရောက်မည်ကို သင်တို့မသိသောကြောင့် သတိပြု၍ ဆုတောင်းလျက် စောင့်နေကြလော့"(မာကု ၁၃း၃၃)

**ဆုတောင်းခြင်း၌ဘုရားသခင်၏အလိုတော်**

ယောဟန်ကလည်း ဆုတောင်းခြင်းနှင့်ပတ်သက်ပြီး၊ အရေးကြီးသောအရာများကို ပြောကြားခဲ့သည်။ (၁ယော ၅း၁၄-၁၆) ငါတို့သည် ဘုရားသခင့်အထံတော်၌ ရဲရင့်ခြင်းအကြောင်းဟူမူကား ငါတို့သည် အလိုတော်နှင့်အညီ တစ်စုံတစ်ခုသောဆုကိုတောင်းလျှင် ဘုရားသခင်သည် နားထောင်တော်မူ၏။ ဆုတောင်းသမျှသော စကားကို့ကို နားထောင်တော်မူသည်ကို ငါတို့သိလျှင် အထံတော်၌ တောင်းသောဆုတို့ကို ရမည်ဟု သိရကြ၏။ ညီအစ်ကိုချင်းသည် သေပြစ်မသင့်သော ဒုစရိုက်ကိုပြုမိသည်ကို တစ်စုံတစ်ယောက်သောသူသည်မြင်လျှင် ထိုသူသည် ဆုတောင်းရမည်။ သေပြစ်ကိုမပြုသောသူတို့အလို့ငှါ ဘုရားသခင်သည် ထိုသူအား အသက်ကို ပေးတော်မူမည်။ သေပြစ်သင့်သော ဒုစရိုက်ရှိ၏။ ထိုဒုစရိုက်အပြစ်ကိုလွှတ်စေခြင်းငှါ ဆုတောင်းရမည်ဟု ငါမဆို။

"ငါတို့သည် အလိုတော်နှင့်အညီ တစ်စုံတစ်ခုသောဆုကိုတောင်းလျှင် ဘုရားသခင်သည် နားထောင်တော်မူ၏။" ကျွန်ုပ်တို့၏ဆုတောင်းခြင်းသည် နှုတ်ကပတ်တော်နှင့်ကိုက်ညီပါက ဘုရားသခင်၏အလိုတော်ပင်ဖြစ်ကြောင်းကို အမှတ်ရပါ။ ဆုတောင်းသည့်အခါ ဘုရားသခင်၏အလိုတော်ဖြစ်ပါက ဘုရားသခင်ချပေးပြီး၊ အလိုတော်မဟုတ်ပါက မပေးဟု တစ်ချို့လူများသည် ခံယူချက်ထားရှိသည်။ သို့ရာတွင် သမ္မာကျမ်းစာက

ထိုကဲ့သို့မဆိုထားပါ။ "အလိုတော်နှင့်အညီ တစ်စုံတစ်ခုသောဆုကိုတောင်းလျှင် ဘုရားသခင်သည် နားထောင်တော်မူ၏။" နှုတ်ကပတ်တော်သည် အလိုတော်ပင်ဖြစ်သည်။ အကြောင်းအချက်တစ်ခုနှင့်ပတ်သက်ပြီး နှုတ်ကပတ်တော်ကဖော်ပြချက်ကို သိရှိလျှင် ထိုအကြောင်းအချက်၌ပင် ဘုရားသခင်၏အလိုတော်ကို သိရှိနိုင်သည်။ သခင်ယေရှု မိန့်ဆိုထားသည့်အချက်နှင့်လည်း ကိုက်ညီမှုရှိသည်။ "သင်တို့သည် ငါ၌တည်၍ ငါ့စကားသည် သင်တို့၌တည်လျှင် သင်တို့တောင်းချင်သမျှကို တောင်း၍ရကြလိမ့်မည်။"(ယော ၁၅း၇)

(၁ယော ၁၅း၆) သည် မကြာခဏဆိုသလို အငြင်းအခုံဖြစ်ပွားသည့်ကျမ်းချက်ဖြစ်သဖြင့် ဟောကြားသူများသည် ရှောင်ရှားကြသည်။ သို့ရာတွင် ဆုတောင်းခြင်းအကြောင်းကို ဆက်လက်ဖော်ပြပြီး၊ ၎င်းအထက်ရှိ ကျမ်းပိုဒ်နှစ်ခုနှင့်လည်း ကိုက်ညီမှုရှိသည်။ (၁ယော ၅း၁၆) ညီအစ်ကိုချင်းသည် သေပြစ်မသင့်သော ဒုစရိုက်ကိုပြုမိသည်ကို တစ်စုံတစ်ယောက်သောသူသည်မြင်လျှင် ထိုသူသည် ဆုတောင်းရမည်။ သေပြစ်ကို မပြုသောသူတို့အဘို့အလို့ငှါ ဘုရားသခင်သည် ထိုသူအား အသက်ကိုပေးတော်မူ၏။ သေပြစ်သင့်သော ဒုစရိုက်ရှိ၏။ ထိုဒုရိုက်အပြစ်ကိုလွှတ်စေခြင်းငှါ ဆုတောင်း ရမည်ဟု ငါမဆို။ လူတစ်ဦးအား ခွင့်လွှတ်ရန် ဘုရားသခင်ထံ၌တောင်းခံလျှင် နှုတ်ကပတ်တော်နှင့်ကိုက်ညီပြီး အလိုတော် လည်းဖြစ်သည့်အတွက် ဘုရားသခင်လုပ်ဆောင်ပေးမည်ဟု ယောဟန်က ပြောဆိုနေခြင်းဖြစ်သည်။

နှစ်အနည်းငယ်ခန့်က ကျွန်ုပ်သည် နေထိုင်သောမြို့အနီးရှိ မြို့တစ်မြို့တွင် အစည်းအဝေးကျင်းပနေသည်။ ကျွန်ုပ်၏အဖွားသတိလစ်ပြီး သေဆုံးကာနီးနေကြောင်း ဖုန်းအားဖြင့်ကြားသိရသောအခါ ညစဉ်အစီအစဉ်အပြီး၌ သူမ၏အိမ်သို့သွားရောက်ပြီး လူနာစောင့်လုပ်ပေးခဲ့သည်။ သူမသည် လုံးဝသမိပြန်မလည်လာပါ။ တတိယည၌ အဖွားကျန်းမာစဉ်က သူမထံ ကျွန်ုပ်ရောက်ရှိပြီး သူမအတွက် ဆုမတောင်းပေးခဲ့သည်ကို ဘုရားသခင်ထံ၌ ဝန်ချတောင်းပန်ခဲ့သည်။ အဖွားသည် ခရစ်ယာန်တစ်ဦးဖြစ်ပြီး ဘုရားသခင်ကို ချစ်ခင်သော်လည်း သိလျက်သော်လည်းကောင်း၊ မသိဘဲနှင့်သော်လည်းကောင်း၊ လုပ်ခဲ့သည့်အပြစ်များရှိကြောင်းကို ကျွန်ုပ်သိခဲ့သည်။ ထို့ကြောင့် သူမနှင့် ဆုတောင်းနိုင်ဘို့ရန် သူမအားသတိခေတ္တပြန်လာစေရန် ဆုတောင်းခံခဲ့သည်။ (သူမသည် အသက်ကြီးပြီ ဖြစ် သဖြင့် မကြာမီပင် ကွယ်လွန်တော့မည်ကို ကျွန်ုပ်သိရှိခဲ့သည်။) သူမအသက်တာ၌ ဝန်မခံသည့်အပြစ်များ သေချာပေါက်မရှိစေရန် ကျွန်ုပ်လုပ်ဆောင်လိုသည်။ ကျွန်ုပ်ဆုတောင်းနေစဉ်ပင် အသံတစ်ခုကြားပါသည်။ "သူမအားခွင့်လွှတ်ရန် ငါ့ထံသို့ အဘယ့်ကြောင့် မတောင်းခံသနည်း"ကျွန်ုပ်လန့်၍ မတ်တတ်ရပ်လိုက်ရာ ကျမ်းစာအုပ်ပင် လွတ်ကျခဲ့ပါသည်။ ကျွန်ုပ်ဆုတောင်းသံကို တစ်ခြားသူတစ်ယောက်ကြားပြီး နောက်ပြောင်နေသည်ဟု ထင်ခဲ့ပါသည်။ သို့ရာတွင် ကျွန်ုပ်နေရာအနှံ့လျှောက်ကြည့်သော်လည်း မည်သူ့ကိုမျှမတွေ့ရပါ။ ကျွန်ုပ်အခန်းထဲသို့ ပြန်ဝင်ပြီး အာရုံမစူးစိုက်နိုင်သော်လည်း ဘုရားသခင်ထံ ယခင်က အတိုင်း ထပ်မံဆုတောင်းခဲ့ပါသည်။ ယခင်ကကဲ့သို့ပင် အသံကိုထပ်မံကြားခဲ့သည်။ "သူမအားခွင့်လွှတ်ရန် ငါ့ထံသို့ အဘယ့်ကြောင့် မတောင်းခံသနည်း" လူတစ်ဦးတစ်ယောက် ကျွန်ုပ်ကို နောက်ပြောင်နေသည်အထင်နှင့် တစ်အိမ်လုံး၌ရှိသော အခန်းများကို လိုက်လံကြည့်ရှုသော်လည်း၊ လူတိုင်းသည် အိပ်ပျော်နေကြသည်။ အဖွား၏အခန်းသို့ပြန်၍ စာဖတ်ရန်ကြိုးစားသော်လည်း အာရုံမစိုက်နိုင်သဖြင့် ထပ်မံဆုတောင်းပြန်သည်။ ထိုအခါ တတိယအကြိမ် မေးခွန်းမေးသံကို ထပ်ကြားပြန်သည်။ "သူမအားခွင့်လွှတ်ရန် ငါ့ထံသို့ အဘယ့်ကြောင့် မတောင်းခံသနည်း"

ဤအချိန်၌မှ ကျွန်ုပ်သည် လေဝက ရှမွေလအား ဘုရားသခင်ခေါ်သည့်အခါ ပြန်လည်ထူးရန် မှာကြားထားကြောင်း ပြန်လည်သတိရပြီး၊ ကျွန်ုပ်ဘုရားသခင်ထံတောင်းခံရမည်လောဟု မေးမြန်းခဲ့ပါသည်။ ဘုရားသခင်က (၁ယော ၅း၁၆)ကို ကျွန်ုပ်အားဖော်ပြခဲ့ပါသည်။ "ညီအစ်ကိုချင်းသည် သေပြစ်မသင့်သော ဒုစရိုက်ကို ပြုမိသည်ကို တစ်စုံတစ်ယောက်သောသူသည်မြင်လျှင် ထိုသူသည် ဆုတောင်းရမည်။ သေပြစ်ကိုမပြုသော သူတို့အဘို့အလို့ငှါ ဘုရားသခင်သည် ထိုသူအားအသက်ကိုပေးတော်မူမည်။ သေပြစ်သင့်သောဒုစရိုက်ရှိ၏။ ထိုဒုစရိုက်

အပြစ်ကိုလွှတ်စေခြင်းငှါ ဆုတောင်းရမည်ဟု ငါမဆို" ကျွန်ုပ် ကျမ်းစာအုပ်ကို ချက်ချင်းလှန်၍ ကျမ်းချက်ကို ဖတ်ရှုလိုက်သည့်အခါ၊ ထိုကဲ့သို့ပင်ဆိုထားကြောင်း တွေ့ရှိရသည်။ ထိုအခါကျမှသာ "ဘုရားသခင် ကျွန်ုပ်တောင်းခံပါ၏။ သူမကိုခွင့်လွှတ်တော်မူပါ။ သူမ သိလျက်နှင့် လုပ်မိသောအပြစ်များ၊ မသိဘဲနှင့်လုပ်မိသောအပြစ်များအားလုံးကို ခွင့်လွှတ်တော်မူပါ။" ထိုအခါ ဘုရားသခင်က အပြစ်အားလုံးခွင့်လွှတ်ပြီးဖြစ်ကြောင်း ကျွန်ုပ်အားဖော်ပြခဲ့သည်။ ကျွန်ုပ်သည်လည်း ဘုရားသခင်ထံ ကျေးဇူးတော်ချီးမွမ်းခဲ့သည်။ ဤအရာများသည် ဘုရားသခင်၏အလိုတော်ဖြစ်ကြောင်းကို သိရှိခဲ့သည်။ ဤကျမ်းပိုဒ်၏နောက်ဆုံးအပိုင်းသည် ချွင်းချက်တစ်ခုကဲ့သို့ ဖြစ်နေသည်။ "သေပြစ်သင့်သောဒုစရိုက်ရှိ၏။ ထိုဒုစရိုက်အပြစ်ကို လွှတ်စေခြင်းငှါ ဆုတောင်းရမည်ဟု ငါမဆို"လူတစ်ဦးသည် သေပြစ် သင့်သောဒုစရိုက်လုပ်ဆောင်ခဲ့ကြောင်း မည်ကဲ့သို့ သိရှိနိုင်မည်နည်း။ ဤအရာကို သန့်ရှင်းသောဝိညာဉ်တော်က ဖော်ပြမှသာ သိရှိနိုင်မည်ဖြစ်သည်။

ဤကဲ့သို့သောအဖြစ်အပျက်ကို ကျွန်ုပ်အသက်တာ၌ နှစ်ကြိမ်ကြုံတွေ့ခဲ့ရသည်။ လူတစ်ဦးအတွက် ဆုတောင်းနေစဉ် ထိုသူသည် သေပြစ်သင့်သောဒုစရိုက်ပြုလုပ်ထားသည့်အတွက်၊ ၎င်းအတွက် ဆုတောင်းပေးရန်မလိုဟု ဘုရားသခင်ဖော်ပြခဲ့သည်။ သေပြစ်သင့်သောဒုစရိုက်ဆိုသည်မှာအဘယ်နည်း။ ယောဟန်ဖော်ပြနေသည်မှာ ရုပ်ပိုင်းဆိုင်ရာသေခြင်းမဟုတ်ဘဲ ဝိညာဉ်ပိုင်းဆိုင်ရာသေခြင်းဖြစ်သည်။ ယုံကြည်သူတစ်ဦးအနေနှင့်သာ ကျူးလွန်နိုင်သည့်ပြစ်ချက်ဖြစ်သည်။ ဤအကြောင်းအရာနှင့်ပတ်သက်ပြီး ဟေဗြဲသြဝါဒစာတွင် ထပ်မံဖော်ပြထားသည်။ (ဟေဗြဲ ၆း၄-၆) အလင်းသို့ တစ်ခါရောက်၍ ကောင်းကင်ဆုကျေးဇူးကို မြည်းစမ်းခြင်း၊ သန့်ရှင်းသောဝိညာဉ်တော်ကိုခံယူခြင်း၊ ဘုရားသခင်၏ကောင်းမြတ်သောတရားစကားကိုလည်းကောင်း၊ နောင်ကပ်ကာလ၏တန်ခိုးများကိုလည်း ကောင်း၊ မြည်းစမ်းခြင်းရှိပြီးမှ ရွေ့လျော့ဖောက်ပြန်သောသူတို့သည် မိမိတို့တွင် ဘုရားသခင်၏သားတော်ကို လက်ဝါးကပ်တိုင်မှာကွပ်မျက်၍ အသေရေတော်ကို ရှုတ်ချသောသူဖြစ်သောကြောင့် နောက်တဖန် နောင်တရအံ့သောငှါ အသစ်ပြုပြင်ခြင်းသို့ မရောက်နိုင်ကြ။

(ဟေဗြဲ ၁၀း၂၆-၂၉) အကြောင်းမူကား သမ္မာတရားကိုသိပြီးမှ ကိုယ်အလိုသို့လိုက်၍ ပြစ်မှားပြန်လျှင် နောက်တဖန် အပြစ်ပြေသော ယဇ်ကို ပူဇော်ရာအခွင့်မရှိဘဲ၊ ဒဏ်စီရင်ခြင်းကိုခံရမည်ဟု ကြောက်မက်ဘွယ်သော မြှော်လင့်ရသောအကြောင်း၊ ငြင်းဆန်သောသူတို့ကို ဖျက်ဆီးဘို့ရာ အမျက်တော်မီးလောင်ခြင်းကို ခံရသောအကြောင်းရှိ၏။ မောရှေ၏တရားကို ပယ်သောသူမည်သည်ကား သက်သေခံနှစ်ဦး၊ သုံးဦးရှိလျှင် သနားခြင်းကိုမခံရဘဲသေရ၏။ ထိုမျှမက ဘုရားသခင်၏သားတော်ကိုခြေဖြင့်ကျော်နင်းလျက် မိမိကိုစင်ကြယ်စေသောပဋိညာဉ်တရား၏အသွေးကို အပြစ်တင်လျက် ဆုကျေးဇူးကိုပေးသောဝိညာဉ်တော်ကို မထီမဲ့မြင်ပြုလျက်ရှိသောသူသည် အဘယ်မျှလောက်ကြီးစွာသောဒဏ်ဖြင့် ခံထိုက်သည်ကို သင်တို့ထင်ကြသနည်း။ ဤနေရာတွင် ဘုရားသခင်ဆိုလိုသည့်အပြစ်သည် လှည့်ဖျားခြင်းလိမ်ညာခြင်းကဲ့သို့သောအပြစ်များ မဟုတ်ပေ။ ဤကဲ့သို့သောအပြစ်များအား ဘုရားသခင်ကခွင့်လွှတ်ခြင်းကိုပေးသည်။ ဘုရားသခင်ခွင့်မလွှတ်နိုင်သည့်အရာသည် "ဘုရားသခင်၏သားတော်ကို ခြေဖြင့်ကျော်နင်းလျက် ... "

ထိုအချိန်အခါက ဟေဗြဲခရစ်ယာန်များသည် ဖိနှိပ်ခြင်းအမျိုးမျိုးကို ခံစားနေရသောအချိန်အခါဖြစ်သည်။ ခရစ်တော်ကို လက်ခံလိုက်သည်နှင့် မိမိတို့မိသားစုများ၏ စွန့်ပယ်ခြင်း၊ ငွေကြေးအခက်အခဲများနှင့် အခြားအမျိုးမျိုးသော စစ်ကြောခြင်းများကို ကြုံတွေ့ခဲ့ရသည်။ ရဟူဒီလူမျိုးများ၏ အယူဝါဒကို ပြန်လည်ကျင့်သုံးချင်ကြသည်။ သို့ရာတွင် ဤကျမ်းချက်များအားဖြင့် ဘုရားသခင်က ၎င်းတို့အား ထိုသို့လုပ်ဆောင်ခြင်းသည် သခင်ယေရှုကို ငြင်းပယ်ခြင်းဖြစ်ကြောင်း၊ ပြောကြားခဲ့သည်။ သခင်ယေရှုအသွေးတော်သည် အခြားသူတစ်ဦး၏ အသွေးကဲ့သို့သာဖြစ်ကြောင်း ဝန်ခံခြင်းပင်ဖြစ်သည်။

ခရစ်တော်၌တည်ရှိသောသူတစ်ဦးသည် ထာဝရလုံခြုံမှုရရှိကြောင်း သတိပြုပါ။ သေပြစ်သင့်သောဒုစရိုက်ကိုလည်း ရှောင်ကြဉ်ရန်သတိပြုရမည်။

**ယောဟန်၏(၃)ဘက်မြင်ရုပ်လုံးကြွဆုတောင်းခြင်း**

(၃ယော ၁း၂) အချင်းချစ်သူ၊ သင်၏စိတ်နှလုံးသည် ကောင်းစားသကဲ့သို့ သင်သည်အရာရာ၌ ကောင်းစားခြင်းနှင့် ကျန်းမာခြင်းရှိမည်အကြောင်း ငါဆုတောင်း၏။ ဤနည်းအတိုင်းဆုတောင်းရန် ယောဟန်ကို သန့်ရှင်းသောဝိညာဉ်တော်က လှုံ့ဆော်ခဲ့လျှင် လူတိုင်းကိုလည်း ထိုကဲ့သို့ပင် ထပ်တူဖြစ်ပေမည်။

ယောဟန်၏ဆုတောင်းချက်သည် ကျွန်ုပ်တို့၏အသက်တာ၌ (၃)ဘက်မြင်ရုပ်လုံးကြွပတ်သက်နေသည်။ ရုပ်ပိုင်းဆိုင်ရာ၊ ဝိညာဉ်ပိုင်းဆိုင်ရာ၊ ဥစ္စာပစ္စည်းပိုင်းဆိုင်ရာတို့ဖြစ်သည်။ "အချင်းချစ်သူ၊ သင်၏စိတ်နှလုံးသည် ကောင်းစား(ဝိညာဉ်ရေးရာကောင်းချီးမင်္ဂလာ)သကဲ့သို့ သင်သည်အရာရာ၌ ကောင်းစားခြင်း (ပစ္စည်းဥစ္စာကောင်းချီးမင်္ဂလာ)နှင့်ကျန်းမာခြင်း (ကိုယ်ကာယကောင်းချီးမင်္ဂလာ)ရှိမည်အကြောင်း ငါဆုတောင်း၏။" ထို့ကြောင့် ဘုရားသခင်သည် ယုံကြည်သူတစ်ဦး၏အသက်တာထောင့်စုံအား ကောင်းချီးပေးလိုကြောင်း သိရှိနိုင်သည်။

> **ကျက်မှတ်ရန်ကျမ်းချက်**
>
> အကြောင်းမူကား ထာဝရဘုရားသည် ဖြောင့်မတ်သောသူတို့ကို ကြည့်ရှုတော်မူ၏။ သူတို့ဆုတောင်းခြင်းကိုလည်း နားထောင်တော်မူ၏။ ဒုစရိုက်ပြုသောသူတို့ကိုကား ထာဝရဘုရားသည် မျက်နှာလွှဲတော်မူ၏။ (၁ပေ၊ ၃း၁၂)

# ဘဝခရီးနှင်စေသောရည်ရွယ်ချက်

ဆရာအောင်သက်ညွန့်

## ဒုက္ခဆင်းရဲအားဖြင့် ပြောင်းလဲခြင်း၊

ယခု ခဏခံရ၍ ပေါ့ပါးသော ဆင်းရဲခြင်းဒုက္ခသည် အတိုင်းထက်အလွန်ကြီးမြတ်လေးလံသော
နိစ္စထာဝရဘုန်းအသရေကို ငါတို့အဘို့ဖြစ်စေတတ်၏။ (၂ကော၊ ၄း၁၇-ခ)
ဒုက္ခဆင်းရဲခြင်းဟူသောမီးက ဘုရားဝတ်၌ မွေ့လျော်ခြင်းတည်းဟူသော
ရွှေစင်ကိုမွေးဖွားပေးသည်၊ (မဒမ်ဂူယွန်)

ဘုရားသခင်သည် ပြဿနာခပ်သိမ်း၏ နောက်ကွယ်တွင် ရည်ရွယ်ချက် တစ်ခုရှိစေတော်မူ၏။

ကျွန်ုပ်တို့ အကျင့်စရိုက်များ ဖွံ့ဖြိုးလာဖို့ အတွက် ကိုယ်တော်သည် အခြေအနေများကို အသုံးပြုတော်မူသည်။ အမှန်တကယ်တော့ ကျွန်ုပ်တို့ ကျမ်းစာဖတ်ရင်း သခင်ယေရှုနှင့်ပိုမိုတူလာစေဖို့ထက် တွေ့ကြုံရတဲ့ အခြေအနေတွေအားဖြင့် သခင်ယေရှုနဲ့ပိုမို တူလာဖို့ကို ကိုယ်တော်က အသုံးပြုတော်မူတယ်။ သင်ဟာတစ်နေ့မှာ နှစ်ဆယ့်လေးနာရီ အခြေအနေတွေကို ရင်ဆိုင်နေရလို့ပဲဖြစ်တယ်။

ကမ္ဘာလောကထဲမှာ ကျွန်ုပ်တို့တတွေ ပြဿနာတွေရင်ဆိုင်ရမယ်ဆိုတာကို သခင်ယေရှုက ကြိုတင်ပြီး၊ သတိပေးခဲ့တယ်။ (ယော ၁၆း၃၃)။ ဝေဒနာ ပြီးသူတွေ၊ ဒုက္ခဆင်းရဲ မခံစားရအောင် အကာအကွယ် ရထားတဲ့လူဆိုလို့ တစ်ယောက်မှမရှိသလို၊ ဘဝပြဿနာတွေထဲက ထွက်ပြေးလွတ်မြောက်သွားသူဆိုလို့လည်း တစ်ယောက်မှ မရှိဘူး။ ဘဝအသက်တာဆိုတာ ပြဿနာတစ်ခုပြီးတစ်ခု ခံစားရခြင်းပဲဖြစ်တယ်။ ပြဿနာတစ်ခုရှင်းပြီးလျှင် နောက်ထပ်ပြဿနာတစ်ခုက တက်လာတော့တာပဲ။ ပြဿနာတိုင်းက ကြီးကျယ်မှုရှိချင်မှရှိလိမ့်မယ်။ ဒါပေမယ့် ပြဿနာအားလုံးက သင့်ကြီးထွားမှုဖြစ်စဉ်အတွက် အရေးပါအရာရောက်တယ်။ ပေတရုက ပြဿနာတွေက

သာမန်ဖြစ်ရိုးဖြစ်စဉ်ပဲလို့ ပြောတယ်။ "ချစ်သူတို့၊ သင်တို့ကို စုံစမ်းစရာဖို့ ယခုခံရသောမီးစစ်ခြင်းအရာကိုကား သင်တို့၌ အံ့ဘွယ်သောအရာဖြစ်သည်ဟု ထင်မှတ်၍ အံ့ဩခြင်းမရှိကြနှင့်"(၁ပေ၊ ၄း၁၂)။

ဘုရားသခင်သည် ပြဿနာများကို အသုံးပြုခြင်းဖြင့် သင့်ကို ကိုယ်တော်နှင့်သာ၍နီးရန်၊ ဆွဲခေါ်တော်မူ၏။ သမ္မာကျမ်းက "ကျိုးပဲ့သောစိတ်ရှိသောသူတို့နှင့် နှလုံးကြေကွဲသောသူတို့ကို နီးတော်မူ၏။"(ဆာ၊ ၃၄း၈) လို့ မိန့်ဆိုတယ်။ သင့်စိတ်နှလုံးကြေကွဲတဲ့အချိန်မျိုး၊ စွန့်ပယ်ခံရတယ်လို့ ခံစားရတဲ့အချိန်မျိုး၊ ရွေးချယ်စရာ မရှိတော့တဲ့အချိန်မျိုး၊ ပြင်ထန်မှုနဲ့နာကျင်မှုဝေဒနာခံစားရတဲ့အချိန်မျိုးအစရှိတဲ့ အမှောင်မိုက်ဆုံးနေ့မျိုးတွေမှာ သင်သည် အနက်နဲဆုံးသော၊ ရင်းနှီးမှုအရှိဆုံးသော ဝတ်ပြုကိုးကွယ်မှုကို တွေ့ကြုံခံစားရတယ်။ ဒီလိုအချိန်မျိုး မှာ သင်ဟာ ဘုရားသခင်တပါးတည်းဆီကိုသာ ပြန်လှည့်လာတယ်။ ဒီလို ဒုက္ခတွေခံစားရတဲ့အချိန်ကျမှသာ စစ်မှန်တဲ့ စိတ်နှလုံးပါတဲ့၊ ဘုရားသခင်အပေါ်ရိုးသားမှုအပြည့်ပါတဲ့၊ ဆုတောင်းချက်တွေကို တောင်းတတ်လာ ကြတယ်။ ကျွန်ုပ်တို့နာကျင်ကြေကွဲလာတဲ့အခါကျရင် အပေါ်ယံဆုတောင်းခြင်းမျိုးနဲ့ ဆုတောင်းဖို့အင်အား တွေ ကျွန်ုပ်တို့မှာမရှိကြတော့ဘူး။

ဂျိုနီအဲရစ်ဆင်တာဒါက "အသက်တာမှာ ပန်းခင်းလမ်းလျှောက်ရတဲ့အချိန်မျိုးဖြစ်နေတဲ့အခါ ကျွန်မ တို့တတွေ ခရစ်တော်အကြောင်းသိရုံ၊ ကိုယ်တော်ကိုအတုခိုးရုံ၊ ကိုယ်တော့်အကြောင်းကို ကိုးကားရုံ၊ စကားထဲ ထည့်ပြောရုံလောက်နဲ့သာနေကြတယ်။ ဒါပေမယ့် ဒုက္ခဆင်းရဲကျရောက်တော့မှပဲ ကိုယ်တော်ကိုသိကျွမ်းလာ ကြတယ်။"လို့ မှတ်ချက်ချခဲ့တယ်။ ကျွန်ုပ်တို့တွေ ဒုက္ခဆင်းရဲထဲ ရောက်ကြတော့မှ အခြား ဘယ်နည်းလမ်းနဲ့မှ သင်ယူလို့မရတဲ့ ဘုရားသခင်ရဲ့အကြောင်းတွေကို သိရှိခံယူလာနိုင်တယ်။

ဘုရားသခင်က ယောသပ်ကို ထောင်မကျအောင်လုပ်နိုင်တယ်။ (က၊ ၃၉း၂၀-၂၂)။ ဒံယေလကိုလည်း ခြင်္သေ့တွင်းထဲက ကယ်နှုတ်နိုင်ပါတယ်။(ဒံ၊ ၆း၁၆-၂၃)။ ယေရမိကိုလည်း ရွှံ့တွင်းထဲ အချမခံရအောင် ကွယ်ကာ နိုင်တယ်။(ယေရ၊ ၃၈း၆)။ ပေါလုကို သင်္ဘောပျက်တဲ့ဘေးသုံးကြိမ်မတွေ့ရအောင်လည်း စောင့်ရှောက်နိုင်တယ်။ (၂ကော၊ ၁၁း၂၅)။ အလျှံပြီးပြီးတောက်နေတဲ့ မီးပုံထဲကို ဟေဗြဲလူငယ် သုံးယောက်ပစ်ချမခံရအောင်လည်း၊ (ဒံ၊ ၃း၁-၂၆)လုပ်နိုင်တယ်။ ဒါပေမယ့် ကိုယ်တော်မတားဆီးခဲ့ဘူး။ ဒီပြဿနာတွေဖြစ်လာအောင် ကိုယ်တော် ခွင့်ပြုခဲ့တယ်။ ရလဒ်ကတော့ ဒီလူအယောက်တိုင်းစီဟာ ဘုရားသခင်နဲ့ ပိုမိုနီးလာတယ်ဆိုတာပဲ။

ပြဿနာတွေက ကျွန်ုပ်တို့အား ဘုရားသခင်ကို မျှော်ကြည့်ဖို့ မရမကတွန်းအားပေးတယ်။ မိမိကိုယ် ကို အားကိုးမယ့်အစား ဘုရားသခင်ကို အမှီပြုဖို့ အတင်းတွန်းအားပေးတယ်။ ပေါလုက "ငါတို့သည် မိမိ ကိုယ်ကို အစဉ်မကိုးစားဘဲ၊ သေသောသူတို့ကို ထမြောက်စေတော်မူသော ဘုရားသခင်ကို ကိုးစားမည် အကြောင်း၊ သေစေဟု စီရင်ခြင်းကို ကိုယ်တိုင်ခံရသကဲ့သို့ ဖြစ်၏။"(၂ကော၊ ၁း၉)လို့ သက်သေခံထွက်ဆိုခဲ့ တယ်။ သင်ရရှိသမျှအရာခပ်သိမ်းဟာ ဘုရားသခင်ကြောင့် ဖြစ်တယ်ဆိုတာကို သင်မသိမချင်း၊ သင်လိုသမျှ အားလုံးဟာ ဘုရားသခင်ပဲဖြစ်တယ်ဆိုတာကို သင်ဘယ်တော့မှသိမှာမဟုတ်ဘူး။

အကြောင်းတရား ဘယ်လိုပဲရှိရှိ၊ ဘုရားသခင်ကသာ အခွင့်မပြုခဲ့ရင် သင့်မှာ ဘာပြဿနာမှ ဖြစ်မှာ မဟုတ်ဘူး။ ဘုရားသခင်ရဲ့သားသမီးတွေမှာ ဖြစ်ပျက်သမျှအရာခပ်သိမ်းဟာ အဖစီစစ်ပြီးမှသာ ဖြစ်လာရသလို၊ စာတန်နဲ့တခြားလူတွေက အကျိုးပျက်စေဖို့ ရည်ရွယ်ခဲ့ပေမယ့် ဘုရားသခင်က အဲဒီအဖြစ်အပျက်ကို ကောင်း ဖို့အတွက် ကြံရွယ်တော်မူတယ်။

အရာရာကို ဘုရားသခင်က ပိုင်ပိုင်နိုင်နိုင်ထိန်းချုပ်ထားတဲ့အတွက်ကြောင့်၊ မတော်တဆဖြစ်မှုတွေ ဟာ သင့်အတွက်ထားရှိတဲ့ ဘုရားသခင်ရဲ့အစီအစဉ်ထဲမှာ အကြောင်းထူးမျှသာဖြစ်တယ်။ သင်မမွေးဖွားခင် ကတည်းက သင့်အသက်တာမှာ နေ့စဉ်ဖြစ်ပျက်လာမယ့်အရာမှန်သမျှကို ဘုရားသခင်ရဲ့ပြက္ခဒိန်မှာ ရေးမှတ် ထားပြီးဖြစ်တဲ့အတွက်ကြောင့်ပဲ။ သင့်မှာ ဖြစ်ပျက်လာသမျှအရာခပ်သိမ်းဟာ ဝိညာဉ်သဘောအရထူးခြားမှု ရှိတယ်။ အရာခပ်သိမ်းဖြစ်တယ်။ ရောမ၊ ၈း၂၈-၂၉ က ဘာကြောင့်လဲဆိုတာကို ရှင်းပြတယ်။ "ဘုရားသခင်ကို

ချစ်သောသူတည်းဟူသော ကြံစည်တော်မူခြင်းအတိုင်း ခေါ်တော်မူသောသူတို့၏အကျိုးကို ခပ်သိမ်းသောအရာတို့သည် တညီတညွတ်တည်းပြုစုကြသည်ကို ငါတို့သိကြ၏။ ဘုရားသခင်၏သားတော်သည် အများသောညီအစ်ကိုတို့တွင် သားဦးဖြစ်တော်မူမည်အကြောင်း၊ ဘုရားသခင် ရှေးမဆွက သိတော်မူသောသူတို့ကို၊ သားတော်၏ပုံသဏ္ဍာန်နှင့်တညီတည်းဖြစ်စေခြင်းငှါ ရှေ့မဆွက ခွဲခန့်မှတ်သားတော်မူ၏။"(ရော ၈း၂၈–၂၉)

**(ရောမ ၈း၂၈–၂၉)ကို နားလည်သဘောပေါက်ခြင်း**

သမ္မာကျမ်းစာထဲမှာ ဒီကျမ်းပိုဒ်ဟာ နားလည်လွဲမှားမှုအဖြစ်ရဆုံးနဲ့ မှားယွင်းစွာ ကိုးကားဖော်ပြအခံရဆုံး ကျမ်းပိုဒ်တွေထဲက ကျမ်းပိုဒ်တစ်ပိုဒ်ဖြစ်တယ်။ ဘုရားသခင်က "အရာခပ်သိမ်းကို ငါဖြစ်စေချင်တဲ့နည်းနဲ့ဖြစ်အောင်လုပ်ဆောင်တယ်"လို့လည်း မပြောထားဘူး။ ဒီအချက်ကလည်း မမှန်ဘူး။ ကမ္ဘာမြေပေါ်မှာ ဝမ်းနည်းစွာ နိဂုံးချုပ်သွားတာတွေ အများကြီးရှိတယ်။

ကျွန်ုပ်တို့တတွေ ပျက်စီးယိုယွင်းနေတဲ့ကမ္ဘာမှာ အသက်ရှင်နေကြတယ်။ ကောင်းကင်ဘုံမှာသာ အရာခပ်သိမ်းဟာ ဘုရားသခင်ကြံစည်ရည်ရွယ်သလို စုံလင်ပြည့်ဝမှုရှိတယ်။ ဒါကြောင့် ကျွန်ုပ်တို့ကို "အလိုတော်သည် ကောင်းကင်ဘုံမှာ ပြည့်စုံသကဲ့သို့၊ မြေကြီးပေါ်မှာပြည့်စုံပါစေသော။"(မ၊ ၆း၁၀) လို့ ဆုတောင်းရန် မိန့်တော်မူခြင်းဖြစ်တယ်။ ရောမ ၈း၂၈–၂၉ ကို ပြည့်ပြည့်ဝဝ သဘောပေါက်နားလည်ဖို့ သင်ဟာ စကားစုတစ်ခုချင်းစီကို စဉ်းစားရမှာဖြစ်တယ်။ "ဘုရားသခင်ကိုချစ်သောသူ၊ ခေါ်တော်မူသောသူတို့" – ဒီဂတိတော်ဟာ ဘုရားသခင်ရဲ့သားသမီး တွေအတွက်ပဲဖြစ်ပြီး၊ လူတိုင်းအတွက်တော့ မဟုတ်ဘူး။ ဘုရားသခင်ကို ဆန့်ကျင်ပြီး အသက်ရှင်သူများနဲ့ မိမိတို့သဘောအတိုင်း မရမကအသက်ရှင်သူတွေအတွက်ကတော့ အရာခပ်သိမ်းဟာ အဆိုးပဲဖြစ်တယ်။

"ကြံစည်တော်မူခြင်းအတိုင်း"– အဲဒီရည်ရွယ်ချက်က ဘာလဲ။ "မိမိရဲ့သားတော်နှင့်တူလာခြင်း" ဆိုတဲ့ ရည်ရွယ်ချက်ဖြစ်တယ်။ သင့်အသက်တာမှာ ဖြစ်ပျက်လာဖို့ဘုရားသခင်ခွင့်ပြုခဲ့တဲ့အရာခပ်သိမ်းဟာ အဲဒီရည်ရွယ်ချက်ပြည့်စုံဖို့ခွင့်ပြုလိုက်တာဖြစ်တယ်။

"အကျိုး"– အကျိုးလို့ ပြောတဲ့အခါမှာ အသက်တာမှာ ဖြစ်ပျက်သမျှဟာ ကောင်းတယ်လို့ ဆိုလိုတာမဟုတ်ဘူး။ ကျွန်ုပ်တို့ ကမ္ဘာလောကကြီးမှာ ဖြစ်ပျက်လာသမျှအများစုဟာ ဆိုးညစ်တယ်။ ဆိုးဝါးတယ်။ ဒါပေမယ့် အဲဒီအဆိုးထဲကနေ အကောင်းဖြစ်အောင်ကို ပြုရာမှာ ဘုရားသခင်ဟာ အထူးကျွမ်းကျင်တော်မူတယ်။ ယေရှုခရစ်တော်ရဲ့ ဆွေစဉ်မျိုးဆက်စာရင်းမှာ အမျိုးသမီးလေးဦးကို စာရင်းပြုထားတယ်။ တာမာ၊ ရာခပ်၊ ရုသနဲ့ ဗာသရှေဗတို့ဖြစ်တယ်။ တာမာဟာ ကိုယ်ဝန်ဆောင်နိုင်ဖို့ သူမရဲ့ ယောက္ခမကို လှည့်ဖြားခဲ့တယ်။ ရာခပ်က ပြည့်တန်ဆာဖြစ်တယ်။ ရုသက ယုဒလူမျိုးတောင် မဟုတ်တဲ့အပြင် ယုဒလူကို လက်ထပ်ခြင်းဖြင့် ပညတ်တရားကို ချိုးဖောက်ခဲ့တယ်။ ဗာသရှေဗဟာ ဒါဝိဒ်နဲ့ဖောက်ပြန်ခဲ့တဲ့အတွက်ကြောင့်၊ အဆုံးမှာ သူ့ရဲ့ခင်ပွန်းဟာ အသက်ခံခဲ့ရတယ်။ ဒါတွေဟာ ဂုဏ်သိက္ခာရှိတဲ့လုပ်ရပ်တွေမဟုတ်ဘူး။ ဒါပေမယ့် ဘုရားသခင်က အဆိုးထဲကနေ အကောင်းကို ဖော်ထုတ်ခဲ့ပြီး၊ သခင်ယေရှုဟာ သူတို့မျိုးရိုးကနေ ဆင်းသက်လာခဲ့တယ်။ ဘုရားသခင်ရဲ့ရည်ရွယ်ချက်က ကျွန်ုပ်တို့ရဲ့ ပြဿနာတွေ၊ နာကျင်မှုတွေအပြင် ဒုစရိုက်ထက်ပင် သာလွန်ကြီးမြတ်တော်မူတယ်။

"ခပ်သိမ်းသောအရာ"– သင့်အသက်တာမှာ ဖြစ်ပျက်သမျှ အရာအားလုံးဟာ သင့်အသက်တာအတွက် ထားရှိတဲ့ ဘုရားသခင်ရဲ့အစီအစဉ်မှာ ပါဝင်ပတ်သက်တယ်။ သင့်ရဲ့အမှားတွေ၊ သင့်ရဲ့အပြစ်တွေ၊ သင့်ရဲ့ဝေဒနာတွေလည်းပါတယ်။ ဖျားနာခြင်း၊ အကြွေးတက်ခြင်း၊ ဘေးဒုက္ခ၊ လင်မယားကွာရှင်းခြင်းနဲ့ ချစ်ခင်သူများသေဆုံးခြင်းတို့လည်းပါတယ်။ ဘုရားသခင်က အဆိုးညစ်ဆုံးသောအရာတွေထဲက ကောင်းကျိုးကိုဖော်ထုတ်နိုင်တယ်။ ကရာနီကုန်းတော်မှာ လုပ်ဆောင်ခဲ့ပြီးဖြစ်တယ်။

"တညီတညွတ်တည်းပြုစုကြသည်"– သီးသန့်မဟုတ်၊ တသီးတခြားမဟုတ်၊ သင့်ရဲ့အသက်တာထဲက အဖြစ်အပျက်တွေဟာ ဘုရားသခင်ရဲ့အစီအစဉ်ထဲမှာ တညီတညွတ်တည်းလုပ်ဆောင်နေတယ်။ အဲဒီ

အဖြစ်အပျက်တွေက သီးခြားလုပ်ရပ်တွေမဟုတ်ဘူး။ သင့်ကို ခရစ်တော်နဲ့တူလာအောင် ပြုပြင်တဲ့လုပ်ငန်းစဉ်ထဲက အပြန်အလှန်အကျိုးပြုတဲ့ကဏ္ဍတွေဖြစ်တယ်။ ကိတ်မုန့်တစ်လုံးကိုဖုတ်တဲ့အခါမှာ ဂျုံမှုန့်၊ ဆား၊ ကြက်ဥ၊ သကြားနဲ့ဆီကို သင်အသုံးပြုရတယ်။ တစ်ခုချင်းစီကို စားကြည့်ရင် အရသာမရှိဘူး။ တချို့ ဆိုရင် ခါးတောင်ခါးသေးတယ်။ ဒါပေမယ့် အဲဒါတွေကို ရောစပ်ပြီး ဖုတ်လိုက်တဲ့အခါမှာ အရသာကောင်းတယ်ဆိုတာ တွေ့ရတယ်။ သင်ကသာ ဘုရားသခင်ထံမှာ သင့်ရဲ့စိတ်မချမ်းမြေ့စရာ၊ ဒုက္ခ၊ အတွေ့အကြုံအားလုံးကို ပေးအပ်လိုက်မယ်ဆိုရင် ကိုယ်တော်က အဲဒါတွေကို ကောင်းဖို့ရောစပ်တော်မူတယ်။

"ဘုရားသခင်ကဖြစ်စေတော်မူသည်"– အရာခပ်သိမ်းရဲ့နောက်ကွယ်မှာ မဟာဖန်တီးရှင်(ဒီဇိုင်းနာ) ရှိတယ်။ သင့်အသက်တာက ကြုံရာအခွင့်အရေး၊ ကံကြမ္မာနဲ့ကံတရားရဲ့ ဖန်တီးလိုက်တဲ့အကျိုးရလဒ်မဟုတ်ဘူး။ သင့်အသက်တာမှာ မဟာစီမံချက်ရှိတယ်။ သမိုင်း (History)ဆိုတာ သူ့ရဲ့အကြောင်း (His story) ဖြစ်တယ်။ ဘုရားသခင်က ကြိုးဆွဲနေတယ်။ ကျွန်ုပ်တို့တတွေ အမှားပြုမိကြပေမယ့်၊ ကိုယ်တော်ကတော့ ဘယ်တော့မှ အမှားမလုပ်ဘူး။ ဘုရားသခင်က အမှားမလုပ်တတ်ဘူး။ ဘာကြောင့်လဲဆိုတော့ သူက ဘုရားဖြစ်တဲ့အတွက်ကြောင့်ပဲ။ "ငါတို့သိကြ၏"– ခက်ခဲတဲ့အချိန်တွေမှာ ကျွန်ုပ်တို့ရဲ့မျှော်လင့်ခြင်းဟာ အပြုသဘောဆောင်တဲ့ တွေးခေါ်ခြင်း၊ ဆန္ဒပြည့်လိုသောအတွေး၊ အကောင်းမြင်ဝါဒအပေါ်မှာ အခြေမခံဘူး။ ဘုရားသခင်သည် ကျွန်ုပ် တို့နေထိုင်ရာ စကြဝဠာကြီးကို ပိုင်ပိုင်နိုင်နိုင်ထိန်းချုပ်ထားတယ်။ ကိုယ်တော်က ကျွန်ုပ်တို့ကို ချစ်တယ်ဆိုတဲ့ သမ္မာတရားအပေါ်မှာ အခြေခံတဲ့ မျှော်လင့်ခြင်းဖြစ်ရမယ်။

**ခရစ်တော်နှင့်တူသော အကျင့်စရိုက်ကို တည်ဆောက်ခြင်း**

ကျွန်ုပ်တို့ဟာ ကျောက်မျက်ရတနာလိုပဲ။ အခက်အခဲ၊ ဒုက္ခဆိုတဲ့ ဆောက်၊ တူနဲ့ထုဆစ်ပုံသွင်းခြင်း ခံရကြတယ်။ တကယ်လို့ ရတနာပိုင်ရှင်အသုံးပြုတဲ့တူက ကျွန်ုပ်တို့ရဲ့ ကြမ်းတမ်းတဲ့မျက်နှာပြင်ကို ထုဆစ်ပစ်လောက်အောင် မမာဘူးဆိုရင်၊ ဘုရားသခင်က ပန်းဘဲတူကြီးကို အသုံးပြုမှာဖြစ်တယ်။ ကျွန်ုပ်တို့က တကယ်ပဲ ခေါင်းမာနေဦးမယ်ဆိုရင် ကိုယ်တော်က စွယ်စုံတူကြီးနဲ့ထုမှာဖြစ်တယ်။ ကိုယ်တော်က သုံးလိုသမျှ ကရိယာတန်ဆာပလာကို သုံးမှာပဲ။

ပြဿနာတိုင်းဟာ အကျင့်သီလကို ဆောက်တည်ဖို့ အခွင့်အရေးဖြစ်တယ်။ ပြဿနာခက်ခဲလေလေ၊ ဝိညာဉ်ကြွက်သားနဲ့ ကိုယ်ကျင့်တရားကို ဆောက်တည်ဖို့ အလားအလာကောင်းလေလေပဲ။ ရှင်ပေါလုက "ဒုက္ခဆင်းရဲခြင်းသည် သည်းခံခြင်းကို ပြုစုတတ်၏။ သည်းခံခြင်းသည်လည်း သက်သေထင်ရှားခြင်း (ရဲရင့်ခြင်း) ကို ပြုစုတတ်၏။"(ရော၊ ၅း၃–၄) လို့ ဆိုတယ်။ သင့်အသက်တာရဲ့ အပြင်ပန်းမှာ ဖြစ်ပျက်တဲ့အရာတွေက အတွင်းထဲမှာ ဖြစ်ပျက်တာလောက်အရေးမကြီးဘူး။ သင့်ရဲ့အခြေအနေတွေက ခေတ္တယာယီသာဖြစ်တယ်။ ဒါပေမယ့် သင့်အကျင့်သီလကတော့ ထာဝရမြဲမြံသွားမှာဖြစ်တယ်။

သမ္မာကျမ်းက မကြာခဏဆိုသလို စုံစမ်းစစ်ဆေးခြင်းကို သတ္တုကိုစင်ကြယ်စေတဲ့ မီးနဲ့နှိုင်းယှဉ်ဖော်ပြတယ်။ အဲဒီမီးဟာ သတ္တုထဲက မသန့်စင်တဲ့အရာတွေကို လောင်ကျွမ်းပစ်လိုက်တယ်။ ပေတရုက "ဒီ ဒုက္ခဆင်းရဲခြင်းက သင့်ရဲ့ယုံကြည်ခြင်းကို စင်ကြယ်တယ်ဆိုတာကို သက်သေပြတယ်။ ဒီစင်ကြယ်တဲ့ ယုံကြည်ခြင်းက ရွှေစင်ထက်သာ၍အဖိုးထိုက်တယ်။" (၁ပေ၊ ၁း၇) လို့ဆိုထားတယ်။ တစ်ခါက ငွေပန်းတိမ်သမားတစ်ယောက်က "ငွေက စင်ကြယ်သွားတာကို ခင်ဗျား ဘယ်လိုသိသလဲ" လို့ အမေးခံရတယ်။ အဲဒီအခါ "ငါ့ရဲ့ ပုံရိပ်ကို အဲဒီငွေစင်မှာ တွေ့ရတဲ့အခါမှာ သိနိုင်တယ်"လို့ တုန့်ပြန်ခဲ့တယ်။ သင်ဟာ စုံစမ်းခြင်းများနဲ့ သန့်စင်ခြင်းခံရပြီးတဲ့အခါမှာ လူတွေဟာ သင့်အထဲမှာ သခင်ယေရှုရဲ့ပုံရိပ်ကိုတွေ့နိုင်တယ်။ ယာကုပ်က "ဖိအားပေးမှုတွေအောက်မှာ သင့်ရဲ့ ယုံကြည်ခြင်းက တွန်းအားနဲ့ပွင့်အံ့လာပြီး၊ အရည်အသွေးမှန်တွေ ပြသလာတယ်"(ယာ၊ ၁း၃)လို့ ဆိုခဲ့တယ်။

ဆက်လက်ဖော်ပြပါမည်။

## သတင်းတိုထွာ

၁။ အမေရိကန်နိုင်ငံ အိုကလာဟိုးမားပြည်နယ်၊ Tulsa မြို့သို့အသစ်ရောက်ရှိကြသောမြန်မာနိုင်ငံသားများကို Myanmar Christian Church မှ ကြိုဆိုသောနှုတ်ဆက်သောအခမ်းအနားတစ်ခုကို ၂၀၀၈ ခုနှစ် ဩဂုတ်လ(၉)ရက်နေ့က ပြုလုပ်ကျင်းပရာ လူပေါင်း၁၂၅ ဦးတက်ရောက်လာကြောင်းသိရပါသည်။ ကြွရောက်လာကြသော ဧည့်ပရိသတ်အားလုံးအား မုန့်ဟင်းခါးဖြင့် တည်ခင်းဧည့်ခံပြီး၊ လူသစ်ကြိုဆိုနှုတ်ဆက်သောအခမ်းအနားနှင့် လူငယ်များ၏ သီဆိုတီးမှုတ်ခြင်းအစီအစဉ်ဖြင့် စည်းကားသိုက်မြိုက်စွာပြုလုပ်ကျင်းပနိုင်ခဲ့ကြောင်း၊ သိရှိရပါသည်။

၂။ ဂျပန်နိုင်ငံရှိ MCMF (Myanmar Christian Ministers' Fellowship) ၏ ဦးဆောင်မှုဖြင့် ဂျပန်နိုင်ငံရှိ ယုံကြည်သူ မြန်မာခရစ်ယာန်အသင်းတော်များအားလုံးစုပေါင်း ဝတ်ပြုချီးမွမ်းကိုးကွယ်ခြင်းအစီအစဉ် ကို ၂၀၀၈ ခုနှစ် ဩဂုတ်လ(၁၇)ရက်၊ တနင်္ဂနွေနေ့က တိုကျိုမြို့နယ်၊ ခိုတိုးကု ရှိ Kameido Station အနီး၊ Camellia Palaza ၌ပြုလုပ်ကျင်းပရာ၊ လူ(၇၀)ကျော်တက်ရောက်လာကြောင်းသိရပါသည်။ အသင်းတော် အသီးသီးမှ Praise & Worship leaders များမှ ဦးဆောင်လျက် ချီးမွမ်းခြင်းနှင့် ကိုးကွယ်ခြင်းအစီအစဉ်ဖြင့်၊ မြိုင်ဆိုင်စွာ သီဆိုချီးမွမ်းကိုးကွယ်ကြလျက်၊ အသင်းတော်များမှ သိက္ခာတော်ရဆရာတော်ကြီးများ၏ ဒေသနာဝေငှတိုက်တွန်းနှိုးဆော်ချက်များအားဖြင့်လည်း၊ တက်ရောက်လာကြသူတိုင်း ခွန်အားရရှိကြကြောင်းသိရပါသည်။ ဆက်လက်၍ ၂၀၀၈ ခုနှစ် စက်တင်ဘာလ(၁၄)ရက်နေ့တွင် ဂုင်းနေရာ၌ပင် Festival of Prayer အစီအစဉ်တစ်ခုကို ထပ်မံပြုလုပ်မည်ဖြစ်ကြောင်းသိရပါသည်။

## ထပ်တူဝမ်းနည်းခြင်း၊

၁။ မြန်မာနိုင်ငံ၊ ချင်းပြည်နယ် တီးတိန်မြို့နေ (အငြိမ်းစား ဗိုလ်ကြီး Kam Chin Hang - Pi Niang Khan Man)တို့၏၊ သမီးကြီး၊ Rev. Dr. Kham Khen Mang - Nu Man Lun Niang၊ Nu Lun Go Ciin - Pa Deng Do Lian ( SE, စက်ရုံမှူးကြီး၊ ပေါင်းလောင်းရေအားလျှပ်စစ်စက်ရုံ၊ (Kham Thawn Thang), Rev. Khup Lian Suum (Pastor, Bethsaida AG, Kalemyo) - Cing Ngaih Nuam, (Thawng Suan Mung), Thang Suan Khai တို့၏အစ်မကြီး၊ Cing Lam Dim Kham, Man San Lun Kham - Michael Pieper, Cing Lian Ciin Kham (Operation Mobilisation)တို့၏ ချစ်လှစွာသောမွေးသမိခင်၊ Nichole Gabriella Cing Zo Siang နှင့် Louis Kham Lap Lian Pieper တို့၏အဖွား၊ Rev. Dr. Hau Lian Kham ၏ ချစ်လှစွာသောဇနီး Rev. Mary Hau Lun Cing (B.Sc., Dip. Ed., M.Div., Ed.D.(Cand.) အသက် (၆၀)နှစ် (သင်းအုပ်ဆရာ၊ ကျေးဇူးတော်ဇေံဂေလိအသင်းတော်)သည် ၂၀၀၈ ခုနှစ် ဇူလိုင်လ(၃၀)ရက်နေ့က ကျောက်မြောင်းနေအိမ်တွင် ခရစ်တော်၌ အိပ်ပျော်သွားပြီဖြစ်ကြောင်းသိရပါသဖြင့်၊ ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း၊ MC မှ မှတ်တမ်းတင် အပ်ပါသည်။

၂။ မြန်မာနိုင်ငံ၊ ရန်ကုန်မြို့အလုံမြို့နယ်နေ (အငြိမ်းစား ဗိုလ်မှူးR. Lua Kyin)၏ ချစ်လှစွာသောဇနီး၊ Suan Za Pum, Kham Khan Nang, Nu Ciang Za Uap - Pa Pum Sial Pau တို့၏ ချစ်လှစွာသော မိခင်ကြီး၊ Man San Cing ၏ ချစ်လှစွာသောအဖွား Pi Mang Khaw Niang သည် ၂၀၀၈ ခုနှစ် ဩဂုတ်လ (၁၅) နေ့က အလုံနေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားပြီ ဖြစ်ကြောင်း သိရပါသဖြင့်၊ ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း၊ မှ မှတ်တမ်းတင် အပ်ပါသည်။

# ဘုရားသခင်ကိုချစ်သောစိတ်နှင့်ပြုပါ

**ညီအစ်ကိုကြီးဒေါက်တာတင်မောင်ထွန်း**

*“ယေရှုက သင်၏ဘုရားသခင် ထာဝရဘုရား ကို စိတ်နှလုံးအကြွင်းမဲ့ ဥာဏ်ရှိသမျှနှင့်ချစ်လော့၊ … ထိုမှတပါး ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှ ချစ်လော့။”* (မဿဲ၊ ၂၂း၃၇၊ ၃၉)

ဘာသာရေးသမားများနှင့် ကျမ်းတတ်တို့က မေးသောစကားကို သခင်ယေရှုက ပြန်၍အဖြေပေးသော ဘုရားသခင်၏ပညတ်စကားဖြစ်ပါသည်။ ကိုယ်နှင့် စပ်ဆိုင်သောသူသည် မည်သူဖြစ်သနည်း။ သွေးသား၊ မိသားစုဝင်ဖြစ်သည်ဟု ဆိုနိုင်သလို ဝိညာဉ်တော်အားဖြင့် ဘွားခြင်းခံရသော ဘုရားသခင်၏ မိသားစုဝင် ယုံကြည်သူ အချင်းချင်းလည်း ဖြစ်ပါသည်။ ထိုမျှမကပါ ဘုရားသခင် သည် ကျွန်ုပ်တို့ကို လောကကြီးထဲ၌ ဘုရားသခင်၏ အလင်းကို လင်းစေနိုင်ဘို့ရန်ထားခြင်းဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ အိမ်နီးချင်း ပြည်သားအချင်းချင်းသည်လည်း ကိုယ်နှင့်စပ်ဆိုင်သောသူဟုဆိုနိုင်ပါသည်။ ထိုသူများ ကိုလည်း ဘုရားသခင်၏မေတ္တာဖြင့် ချစ်၍မေတ္တာပြဖို့ ကိုယ်တော်အလိုတော်ရှိပါ သည်။

**ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှ ချစ်ပါ**

ကျွန်ုပ်တို့ယုံကြည်သူများအနေနှင့် မိမိတို့ မိသားစုစား၍ဝပြီး၊ ဖူလုံနေသည်သာမက အိမ်နီးချင်း မှာစားစရာမရှိ၊ ငတ်မွတ်နေသောဖြစ်အင်ကို သိမြင်ပါက မိမိတို့ရှိသည့်အထဲမှ ဝေမျှ၍ မေတ္တာပြကြဖို့ လို ပါသည်။ ထိုသို့ မေတ္တာပြကြပါက ကြာမြင့်စွာ တရားစကားကို ကြားနေရပြီး၊ မေတ္တာသက်သေမတွေ့ရသည့်သူများ အတွက် ပြောင်းလဲလာနိုင်ဖို့ အခွင့်အလမ်း ဖြစ်ပေသည်။ ဘုရားသခင်သည် ကယ်တင်ရှင်ဖြစ်သည်၊ မေတ္တာရှင် ဖြစ်ပါသည်။ ကောင်းမြတ်သောဘုရားဖြစ်သည်ဟု ကျွန်ုပ်တို့ပြောဆို၍ ခံစားနေကြရသလို အခြားသူများ လည်း ထိုမေတ္တာကို ခံစားကြဖို့ရန် မေတ္တာသက်သေ ကို ပြကြဖို့လိုအပ်ပါသည်။ ယနေ့ ဧဝံဂေလိ စိတ်အား ထက်သန်ကြသူများ ဘုရားသခင်၏မေတ္တာအကြောင်း ဟောပြောနေကြသည်မှာ ကြာပြီဖြစ်သည်။ လောကီသား များကလည်း ထိုသတင်းတော် ထိုစကားသက်သက်သာ ကြားနေကြရသည်။ ယနေ့ ထိုမေတ္တာစကားကို မေတ္တာ သက်သေနှင့် ထိုသူများမြင်ခွင့်ရဖို့ရန် ကျွန်ုပ်တို့ပြုနိုင် သည့်အခွင့်အရေးရသော အချိန်ကာလဟု ဆိုနိုင်ပါသည်။ ထိုအခွင့်အရေးမျိုး နောင်တစ်ချိန် ရချင်မှရနိုင်မည်ဖြစ်သည်။ ဧဝံဂေလိဆရာက ယနေ့ သတင်းကောင်းလာဟောပြီး၊ နောက်တစ်နေ့ ပျောက်သွားသည်ထက် ယုံကြည်သူက မိမိ အိမ်နီးချင်းကို မေတ္တာပြခြင်းအားဖြင့် ထိုသူများက အနီး ကပ်သက်သေကို အစဉ်တွေ့ပြီး နှလုံးသား၌ လေ့လာခွင့် ရကြမည်ဖြစ်ပါသည်။ ဧဝံဂေလိသတင်းတော် ဟောပြော ခြင်းအမှုသည် အသင်းတော်၌သာတာဝန်ရှိသည်မဟုတ် ပါ။ ယနေ့ ဒုက္ခရောက်နေကြသော မြန်မာပြည်သူပြည်သား ကျွန်ုပ်တို့အိမ်နီးနားချင်းများအပေါ် ၌ ကျွန်ုပ်တို့ အသီးသီး တာဝန်ရှိကြပေသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား လောကကြီးထဲတွင် လောက၏အလင်း၊ လောက၏ဆား အနေနှင့် ထားခြင်းဖြစ်သည်။ လောကကြီးထဲရှိ လူသား များ၏လိုအပ်ချက်ကို တတ်နိုင်သမျှဖြည့်ဆည်းပေးကြဖို့ ကိုယ်တော်အလိုတော်ရှိသည်။ ယနေ့ သဘာဝဘေး အန္တရာယ်ကြုံတွေ့ရမှုကြောင့် အိမ်အမိုးမရှိသောသူများ ရှိကြသည်။ စားစရာမရှိသောသူများရှိကြသည်။ မကျန်း မာ၍ ဆေးရုံတက်ရောက်ကုသနေရသောသူများရှိကြ သည်။ သဘာဝလေဘေး၊ ရေကြီးခြင်းဘေးကြောင့် မိဘဆုံးပါးသွားသူများ၊ သားသမီးဆုံးရှုံးသွားသူများ၊ အချို့မိသားစုထဲ၌ တစ်ယောက်တည်းကျန်ရစ်သူများ ရှိကြ သည်။ ထိုသူများသည် အသင်းတော်နှင့်စပ်ဆိုင်သော ယုံကြည်သူများ ဖြစ်နိုင်သလို၊ အသင်းတော်မှမဟုတ်သော အခြားယုံကြည်သူများလည်းဖြစ်နိုင်သည်။ ထို့ပြင်

မယုံကြည်သူများလည်း များစွာပါကြ ပါသည်။ ထိုသူများကို ကျွန်ုပ်တို့က တတ်နိုင်သလောက်စေတနာစိတ်ဖြင့် ကရုဏာမျက်စိဖြင့်ကြည့်၍ မေတ္တာပြပါဝင်ကြဖို့ လိုပါသည်။ ကျွန်ုပ်တို့က ကိုယ်တိုင်မစ ပါဝင်နိုင်သည်ကို ပါဝင်ကြဖို့ဖြစ်သလို မစပါဝင်လိုသူများကိုလည်း အမှန်ဒုက္ခရောက်သူများထံပို့ပေးခြင်း၊ လမ်းပြ ပေးခြင်းလည်း ပြုနိုင်ကြပါသည်။

*"ညီအစ်ကိုတို့ ဘုရားသခင်သည် မာကေဒေါနိပြည်၌ရှိသော အသင်းတော်များတို့အား ပြုတော်မူသော ကျေးဇူးတော်အကြောင်းကို ငါတို့သည် သင်တို့အား ကြားပြောကြ၏။ ထိုအသင်းတော်တို့သည် ညှင်းဆဲခြင်းအားဖြင့် များစွာသောစုံစမ်းခြင်းကို ခံရသော်လည်း အလွန်ကြီးသောဝမ်းမြောက်ခြင်းနှင့် ဉစ္စာဖြုန်းတီးသော ဆင်းရဲခြင်းအကြောင်းသည် သူတို့၏ စွန့်ကြဲပေးကမ်းခြင်းစည်းစိမ်ကိုဖြစ်စေ၍ ကြွယ်ဝပြည့်စုံ၏။"(၂ကော၊ ၈း၁-၂)*

အခက်အခဲ ဒုက္ခဖြစ်နေသည်ကို ကြည့်၍ မည်သို့ ပါဝင်ရမည်ကို ဆင်ခြင်၍ ဘုရားသခင်၏လမ်းပြမှုကို စောင့်ဖို့ဖြစ်သည်။ ဤသည်ကားသြဝါဒဖြစ်သည်။ သြဝါဒက ဘုရားသခင်၏အလိုတော်ဖြစ်သည်။ ထို့အတွက်ကြောင့် သြဝါဒနှင့်အညီလုပ်ဆောင်ပါက မည်သည့်အခါမျှ စော၍ နေသည်မရှိပါ။ ဝါဒကထိုသို့ လုပ်သင့်သည်၊ ဤသို့လုပ်သင့်သည်ဟုဆိုပြီး အတ္တ တွဲပါနေ၍ ဘုရားသခင်၏အချိန်ထက် ဆန္ဒစောပြီး လုပ်ဆောင်တတ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့က ဝါဒနှင့် သြဝါဒကိုခွဲခြား၍ သိကြဖို့လိုသလို အမှန်တရားနှင့် သမ္မာတရားကိုလည်းခွဲ၍ သိဖို့လိုပါသည်။ အမှန်တရားက မပြောင်းနိုင်သောယတိပြတ်ချမှတ်ထားသည့် သတ်မှတ်မှုဖြစ်ပြီး၊ သမ္မာတရားမူကား မှန်ရုံ၊ ကောင်းရုံမျှမက မေတ္တာ ပါဖို့လိုပါသည်။ ယနေ့ မာကေဒေါနိယုံကြည်သူများ၏ ပေးကမ်းပါဝင်မှုကို ကြည့်တတ်ကြဖို့လိုပါသည်။ ယနေ့ အမိုး ခိုစရာမရှိ၍ ခက်ခဲသည်ထက်၊ ဓနိဈေးကကြီးသည့်အတွက် ဝယ်ဖို့ခက်သည်ထက်၊ ဓနိတောများ လေထဲပါသွား၍ ဓနိ ဝယ်မရသည်က ပို၍ဆိုးပါသည်။ ထို့ကြောင့် လူများအမိုးမရှိ၍ မိုးစိုပြီး ဖျားကြရုံမျှမက၊ ရောဂါကြောင့် သေမည့်ဘေးကလည်း သာ၍ ရင်လေးစရာဖြစ်လာသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကိုယ့်အမှုအရာကို ရှုမှတ်သည်ထက် သူ့အမှုကို ရှုမှတ်၍ မယုံကြည်သူများ၏အရေးကိုလည်း အာရုံစိုက်၍ မေတ္တာ မျက်စိနှင့်ပါဝင်တတ်ကြဖို့ ရန် အသိပေးလိုပါသည်။

**အကျင့်အားဖြင့် မေတ္တာသက်သေပြပါ**

*"ညီအစ်ကို မောင်နှမတို့သည် အဝတ်အချည်းစည်းရှိ၍ နေ့တိုင်းက ငြိမ်ဝပ်စွာသွားကြလော့၊ နွေးကြလော့၊ ဝကြလော့ဟုပြောလျက် သူတို့ကိုယ်နှင့် တော်လျော်သော အသုံးအဆောင်ကိုမပေးဘဲနေလျှင် အဘယ်အကျိုးရှိသနည်း။ ထိုနည်းတူအကျင့်နှင့်ကင်းသော ယုံကြည်ခြင်းသည် တပါးတည်းရှိသောကြောင့် အသေဖြစ်၏။" (ယာ၊ ၂း၁၅-၁၇)*

ယုံကြည်သူများ ထာဝရအသက်ရခြင်းသည် အကျင့်ကြောင့် မဟုတ်ကြောင်းသိကြသည်။ သို့သော် ထာဝရအသက်ကို အခြားသောသူများ ကျွန်ုပ်တို့အားဖြင့် ခံစားနိုင်ဖို့ရန်မှာမူ အကျင့်လိုပါသည်။ ထို့ကြောင့် တမန်တော်ကြီး ရှင်ပေါလုက ဖေက်မြို့ရှိယုံကြည်သူများအား ဤသို့ ဆိုသည်။ *"ငါတို့သည် ကောင်းသောအကျင့်တို့ကို ကျင့်ရမည်အကြောင်း ယေရှုခရစ်၌ပြုပြင်၍ ဖန်ဆင်းတော်မူရာဖြစ်ကြ၏။ ထိုကောင်းသောအကျင့်တို့၌ ကျင်လည်ရမည် အကြောင်း ဘုရားသခင်သည် ငါတို့ကို ပြင်ဆင်တော်မူနှင့်ပြီ။"(ဧ၊ ၂း၁၀)*

ကျွန်ုပ်တို့သည် ကောင်းသောအကျင့်တို့၌ ကျင်လည်၍ မေတ္တာသက်သေကိုထူကြဖို့ရန်၊ ဘုရားသခင်အလိုတော်ရှိပါသည်။ အချို့က ဆင်ခြေပေးကြသည်။ အမှန်ဒုက္ခသည်ဖြစ်ပါက အရေးမကြီး လာညာနေပါက မည်သို့ ပြုမည်နည်း ဟုဆိုကြသည်။ ညာနေမှန်း သေချာသိပါက ပေးဖို့ရန်မဟုတ်ပါ။ သို့သော် အမှန်ဒုက္ခသည်ဖြစ်နေပါက မိမိ၌ရှိနေပါလျက်မပေးမိပါက ကျွန်ုပ်တို့ ရှုံးသွားမည်ဖြစ်သည်။ မိမိ၌မရှိဘဲလျက်နှင့် လည်း၊ ဟန်လုပ်၍ ပေးဖို့မလိုပါ။ ဘုရားသခင်၏ ကောင်းကြီးကို ခံစားကြရသော ယုံကြည်သူများသည် ယုံကြည်ခြင်း၏အကျင့်တည်းဟူသော မေတ္တာဖြင့် ကျေးဇူးပြုပါဝင်ခြင်းအားဖြင့် အခြားသူများ ဘုရားသခင်၏မေတ္တာကို လက်တွေ့ခံစား၍ ပြောင်းလဲလာနိုင်ဖို့ရန် ဘုရားသခင်အလိုတော်နှင့်အညီ ပြုနိုင်ကြဖို့ရန် အသက်တာကိုပြင်ဆင်ကြဖို့လိုပါသည်။ ဘုရားသခင်၏ စကားကိုနားထောင်သောသူတို့၌ ခဲယဉ်းသောကာလတွင် သီးခြားသက်သေထူသော အမှုလည်း ရှိပါသည်။

*"အမြင့်ဆုံးသောဘုရား၏ ကွယ်ကာရာဌါနတော်၌ နေသောသူသည် အနန္တ တန်ခိုးရှင်၏အရိပ်ကို*

*ခိုရလိမ့်မည်" (ဆာ၊ ၉၁း၁)*

ယနေ့ ထိုသက်သေကို ခံစားရသောသူများစွာ ရှိပါသည်။ အနီးအနားပတ်ဝန်းကျင်မှ အိမ်များ ပြိုပျက်သော်လည်း မိမိတို့အိမ်မပြိုမပျက်ဘဲ ကျန်ရစ်သူများ၊ အပင်ကြီးများ ပတ်ပတ်လည်၌ လဲပြိုနေပါလျက် အိမ်မထိခိုက် မပျက်စီးသူများ၊ များစွာရှိကြပါ သည်။ ထိုသက်သေကို အဘယ့်ကြောင့် ခံစားကြရပါသလဲ။ နေ့စဉ်ဘုရားရှင်ကို ခိုလှုံကိုးစား၍ အသက်ရှင်နေကြခြင်းကြောင့် ဖြစ်ကြောင်း အားယူနိုင်ကြပါသည်။

*"သူသည် ငါ့ကိုချစ်သောကြောင့် သူ့ကို ငါ ကယ်နှုတ်မည်။"(ဆာ၊ ၉၁း၁၄)*

ဘုရားသခင်ကို ချစ်ရခြင်းသည် အကျိုးကို အမှန်ပင်ခံစားရပါသည်။ ဘုရားသခင်ကို ချစ်နေသောကြောင့် ဘုရားသခင်၏ဘေးအန္တရာယ်ဆိုးမှ ကွယ်ကာကယ်မခြင်းကို ခံစားကြရပါသည်။ လေက ပတ်ပတ်လည်မှ တိုက်နေ၍ အပင်များ အိမ်ပေါ်လဲကျနိုင်ပါလျက် မကျဖို့၊ အိမ်နှင့်လွတ်သည့် နေရာဖက်သို့ကျဖို့၊ မည်သူလုပ်ပေးခြင်းဖြစ်ပါသလဲ။ ဘုရားသခင်ကိုယ်တော်တိုင် လုပ်ဆောင်ပေးခြင်းဖြစ်ပါသည်။ ဘုရားသခင်ကို ချစ်ရခြင်းသည် မရှုံးပါ။ ဘုရားသခင်ကို ချစ်သောသူအား ဘုရားသခင်က ကြည့်ရှုမည်။ ကွယ်ကာ စောင့်မမည်ဖြစ်ပါသည်။

### သင့်ကို မထိခိုက်စေသောဘုရား

*"ငါ၏နာမကိုသိသောကြောင့် သူ့ကို ငါချီးမြှောက်မည်။"(ဆာ၊ ၉၁း၁၄)*

သခင်ဘုရား၏နာမကိုသိသဖြင့် ဆုတောင်းသည့်အခါ အဖြေရသောသူများစွာကို တွေ့ရပါသည်။ သာ၍ ထူးဆန်းသောဂတိစကားကား *"သင်၏အနားမှာ လူတစ်ထောင်၊ သူ၏လက်ျာဘက်မှာ လူတစ်သောင်း လဲသော်လည်း သင့်ကို မထိမခိုက်ရ" (ဆာ၊ ၉၁း၇)*။

သဘာဝဘေးအန္တရာယ်ကြုံရသောနေရာ အနီးအနားသို့ လျှောက်၍ကြည့်ပါက သက်သေကိုတွေ့ရမည်ဖြစ်သည်။ အနီးအနား၌ရှိသော လူတစ်ထောင်၊ တစ်သောင်း ထိခိုက်လဲပြိုပျက်စီးနေသည်ကို တွေ့ရသော်လည်း ကျွန်ုပ်တို့ အသက်တာ၌ မထိမခိုက်ခြင်းသည် အံ့သြဘွယ်နာမရှိ၍ ဂတိတည်လျက် ကွယ်ကာစောင့်ထိန်းတော်မူသော ဘုရားသခင်ကြောင့် ဖြစ်ပါသည်။

*"သင်သည် ကိုယ်မျက်စေ့နှင့်ကြည့်၍ မတရားသောသူတို့၌ရောက်ရသောအပြစ်ကို မြင်ရုံမျှသာရှိလိမ့်မည်။"(ဆာ၊ ၉၁း၈)*။

ယနေ့ ဘေးဒုက္ခကြုံ၍ လဲပြိုပျက်စီး၊ အသက်ဆုံးကြရသောသူများသည် မတရားသောသူများဟု မပြောလိုပါ။ ထိုသို့ ပြောဆိုစီရင်ပိုင်ခွင့်လည်း ကျွန်ုပ်တို့၌ မရှိပါ။ ကျွန်ုပ်တို့ကိုယ်တိုင်နှင့် ဘေးလွတ်သောသူများမှာ အဘယ်ကြောင့်လွတ်ခွင့်ရကြသနည်း။ ဘုရားသခင်ကို ချစ်ကြောက်ကိုးစား၍ အသက်ရှင်သဖြင့် အမြင့်ဆုံးသောဘုရား၏ ကွယ်ကာရာအရိပ်၌ နေကြ၍ဖြစ်ပါသည်။

*"ထာဝရဘုရား မိန့်တော်မူသည်ကား ငါ၏ အကြံ အစည်သည် သင်တို့၏အကြံအစည်နှင့်မတူ၊ ငါ၏ အကျင့်သည်လည်း သင်တို့၏အကျင့်နှင့်မတူ။ မိုးကောင်းကင်သည် မြေကြီးထက်သာ၍မြင့်သကဲ့သို့ ငါ၏အကျင့်သည် သင်တို့၏အကျင့်ထက်ငင်း၊ ငါ၏ အကြံအစည်သည် သင်တို့၏အကြံအစည်ထက်ငင်း သာ၍မြင့်၏။" (ဟေရှာ၊ ၅၅း၈-၉)*။

ဘုရားသခင်၏ အကြံအစည်သည် ကျွန်ုပ်တို့၏ အကြံအစည်နှင့်မတူပါ။ ဤလောကကြီးထဲ၌ ကျွန်ုပ်တို့ နားမလည်နိုင်သောအရာများစွာရှိပါသည်။ အခြေအနေကိုကြည့်၍ နားမလည်ပါက နှုတ်ကပတ်တော်ကို ကြည့်၍ ယုံကြည်ပါ။ နှုတ်ကပတ်တော်၌ မှီဝဲပြီး စောင့်ကြည့်ပါ။ နှုတ်ကပတ်တော်အတိုင်း ပြည့်စုံဖို့ ဘုရားသခင်ပြုမည်ဖြစ်သည်။ ဘုရားသခင်ပြောခိုင်းသောစကားကို ပြောမည့်ပရောဖက်ရှိပါသလား။ လာ၍ပြောနိုင်ပါသည်။ ထိုသို့ပြောသည့်အခါ ဘုရားသခင်ပြောခိုင်းသည့်အတိုင်းသာ ပြောပါ။ အပိုမပြောပါနှင့်။ ဘုရားသခင်ပြောခိုင်းသည့်စကားဖြစ်ပါက ကျွန်ုပ်တို့ နားထောင်ကြဖို့ဖြစ်ပါသည်။ ဘုရားသခင် ပရောဖက်ဖြစ်ပါက ပြောသည့်စကားအတိုင်း ပြည့်စုံလာမည်ဖြစ်သည်။ ယနေ့ ဘုရားသခင်ပြောခိုင်းသောစကားကို ပြောနေသောပရောဖက်ထက်၊ အတုအယောင် က များစွာ ရှိကြသည်။ ထိုသူများကိုသတိပြုကြဖို့ လိုအပ်ပါသည်။ ယနေ့ ကျွန်ုပ်တို့ ဘုရားသခင်ကို ဦးစွာချစ်ကြပါ။ ၎င်းနောက် ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှ ချစ်၍မေတ္တာပြဝေငှကြပါ။ ဘုရားသခင်ကို ချစ်ကြပါက ဘုရားသခင်၏ ကွယ်ကာမစခြင်း၊ ချီးမြှောက်ခြင်းကို အမှန်ပင်ခံစားရမည်ဖြစ်သည်သာမက ဒုက္ခထဲကခေါ်သောအခါ ကိုယ်တော်ထူးကြောင်းသက်သေကို ဘေးလွတ်လုံခြုံခြင်းအားဖြင့် ခံစားရမည်ဖြစ်ကြောင်း၊ မေတ္တာနှင့် အသိပေးဝေငှ လိုက်ပါသည်။

# မေတ္တာမျက်စိရှိစေချင်သည်

ဆရာအောင်သက်ညွန့်

ယခုအခါတွင် သဘာဝဘေးအန္တရာယ်ဆိုကြီး ကျရောက်သည့်အခါ အချို့သော အတွေးအခေါ်ပညာရှင်များက ထိုအမှုကြီးအဘယ်သို့ရောက်ရသနည်းဟု ကျမ်းကိုးကျမ်းကန်များနှင့်စဉ်းစားဆင်ခြင်နေကြသည်။ သမ္မာကျမ်းစာ၌လည်း ထိုသို့ လေကြီးတိုက်၍အသက်ဆုံးကြရသောသူများကို တွေ့နိုင်သည်။

*"ကိုယ်တော်၏သားသမီးတို့သည် အစ်ကိုအကြီးအိမ်၌ စား၍ စပျစ်ရည်ကိုသောက်လျက်နေကြသောအခါ တောမှလေကြီးလာ၍ အိမ်လေးထောင့်ကို တိုက်သဖြင့်၊ အိမ်သည် ထိုလုလင်တို့အပေါ်၌ ပြိုလဲပါ၏။ သူတို့သည်သေ၍ ကျွန်တော်တစ်ယောက်တည်း ကျန်ရစ်လျက် ..." (ယောဘ၊ ၁း၁၈-၁၉)။*

ယောဘ၏သားသမီးတို့သည် အစ်ကိုအကြီးအိမ်၌ စားသောက်နေစဉ် လေကြီးတိုက်၍ အိမ်ပြိုပြီး သေဆုံးသွားကြပါသည်။ ယောဘသည် ထိုသို့သောအမှုနှင့်ကြုံရသော်လည်း မမှားယွင်းပါ။

*"ယောဘသည် ဤအမှုများနှင့် တွေ့ကြုံသော်လည်း မမှားယွင်း၊ ထာဝရဘုရားကိုလည်း အပြစ်မတင်ဘဲနေ၏။" (ယောဘ၊ ၁း၂၂)။*

ထိုသို့သော အမှုများကြုံတွေ့သည့်အခါ အပြစ်တင်ဝေဖန်ပြီး အချိန်ကုန်နေမည့်အစား အခွင့်အရေးကို ရယူ၍ အသက်ရှင်တတ်ပါက ကျွန်ုပ်တို့ ကောင်းကြီးမင်္ဂလာဖြစ်ကြမည်ဖြစ်သည်။

**ကိုယ်နှင့်စပ်ဆိုင်သူကို ကိုယ်နှင့်အမျှချစ်၍**

ယနေ့အချိန်သည် ဆုတောင်းနေရုံမျှဖြင့်၊ မိဿဟာယဖွဲ့နေရုံမျှဖြင့် ကျမ်းစာဖတ်နေရုံဖြင့် မလုံလောက်တော့သောအချိန်ဟု ဆိုရနိုင်ပါသည်။ ကျွန်ုပ်တို့ ကိုးကွယ်သောဘုရားသည် လူမှုရေးကို လျစ်လျူရှုသောဘုရားမဟုတ်ပါ။ သခင်ယေရှုခရစ် လောကသို့ကြွဆင်းလာရာတွင် အလွန်သေးငယ်သော တိုင်းပြည်ရှိ မြို့ငယ်လေးသို့ ကြွလာပါသည်။ ထိုအချိန်တွင် ရောမနိုင်ငံသည် အာဏာပိုင်တို့၏ လာဘ်စားမှု၊ သစ္စာမရှိမှု၊ ကာမဂုဏ်လိုက်စားမှု၊ သနားညှာတာမှုကင်းမဲ့သော အခြေအနေ၌ရှိသော်လည်း သခင်ယေရှု ကြွဆင်းလာပြီးနောက် ရောမနိုင်ငံကြီးသည် ပြောင်းလဲပြီး သခင်ယေရှုခရစ်၏နောက်လိုက်များစွာ ပေါ်ထွက် ခဲ့ပါသည်။ သခင်ယေရှုက မိမိအသက်ရှင်သကဲ့သို့ အသက်ရှင်ကြဖို့ သွန်သင်နေခြင်းဖြစ်ပါသည်။ ယနေ့ ကျွန်ုပ်သည် မိမိတို့ပတ်ဝန်းကျင်ရှိ အကူအညီလိုအပ်နေသောသူများကို မစကူညီပါက ထိုသူများသည် သခင်ယေရှု၏မေတ္တာကို မြင်လာကြမည်ဖြစ်သည်။ သမ္မာတရားကို ဟောပြောရာတွင်ပင် အချို့က ငြူစူရန်တွေ့ချင်သောသဘောနှင့်ဟောပြောကြ၏။ ကျွန်ုပ်တို့သည် သမ္မာတရားကို မေတ္တာစိတ်နှင့်ဟောပြောကြဖို့ ကိုယ်တော် အလိုတော်ရှိပါသည်။ (ဖိလိပ္ပိ၊ ၁း၁၅-၁၆) သဘာဝလေပြင်းမုန်တိုင်းဒဏ်ကြောင့် များစွာသောသူများမှာ သေကြေပျက်စီးပြီး၊ များစွာသောသူများ အိုးမဲ့အိမ်မဲ့ဖြစ်ကြရသည်။ ထိုသူတို့ ခံစားရသော ဘေးဒုက္ခဆင်းရဲခြင်းကို မြင်နေပါလျက် ကျွန်ုပ်တို့စိတ် နှလုံး၌ မည်သို့မျှ မခံစားရပါက ကျွန်ုပ်တို့နှလုံးသား၌ ခရစ်တော်အမှန်တကယ်ရှိမရှိ ဆန်းစစ်ဖို့ရန် လိုပါသည်။ လေဘေးဒဏ်ခံစားနေကြရသောသူများအတွက် ကျွန်ုပ်တို့ တတ်စွမ်းသ၍ မေတ္တာပြပါဝင်ကြဖို့ လိုပါသည်။ ဤအမှုအားဖြင့် အခြားသောယုံကြည်သူများသာမက မယုံကြည်သူများစွာလည်း ဘုရားသခင်၏ မေတ္တာကို ထိတွေ့ခံစားရမည်ဖြစ်သည်။ (လု ၁၀) တွင် ရှမာရိလူတစ်ယောက်အကြောင်းကို တွေ့ရ သည်။ ထားပြတို့သည် လူတစ်ယောက်အား အဝတ်ကိုချွတ်၍ နာကျင်စွာ ရိုက်နှက်ပြီးမှ သေလုမတတ်ရှိသောအခါ ပစ်ထားကြပါသည်။ ထိုလမ်းမှ ယဇ် ပုရောဟိတ်တစ်ယောက်နှင့် လေဝိ လူတစ်ယောက်သည် ဖြတ်သွားသော်လည်း မကူနိုင်ကြ။ ဤနေရာ၌ ထိုသူတို့အား အပြစ်တင်နိုင်စရာရှိသော်လည်း ထိုသူတို့မကူနိုင်ခြင်းမှာ အကြောင်းရှိသည်။ (ဝတ်၊ ၂၂း၁-၄)တွင် ယဇ်ပုရောဟိတ်နှင့်လေဝိတို့သည် လူသေနှင့်မထိရ။ ထိမိပါက ထိုသူတို့သည် မသန့်မရှင်းဖြစ်သွားပါသည်။ သူတို့သည် တရားတော်ကို လိုက်နာသောကြောင့် ထိုသူကိုမကူလိုက်နိုင်ပါ။ ရှမာရိလူတစ်ယောက် ရောက်လာသောအခါ ကရုဏာစိတ်ရှိ၍ ချဉ်းကပ်ပြီးလျှင် မိမိတတ်စွမ်းသ၍ ပြုစုကုသမှုကိုပြုပြီးမှ မိမိ

တိရိစ္ဆာန်ပေါ် တင်၍ ဇရပ်တစ်ခုသို့ခေါ်သွားပါသည်။ ပြီးလျှင် ဇရပ်ရှင်အား ငွေပေး၍ လူနာအား ကြည့်ရှုပြုစုပေးရန် အပ်ပြီးလျှင် ကုန်ကျသမျှအတွက် မိမိပြန်လာသောအခါ ပေးမည်ဟုဆိုလျက် သွားပါသည်။ သမ္မာကျမ်းစာက ဒုက္ခရောက်သူအား ကူညီမစရာတွင် ဆင်းရဲခြင်း ပျောက်လောက်အောင် ကူညီမစဖို့ သွန်သင်ထားပါသည်။ ယနေ့ ကျွန်ုပ်တို့က ဆင်းရဲသူတို့အား ဆန်တစ်ပြည်လောက်ပေးပြီး၊ သူတောင်းစားကိုပေးသကဲ့သို့ ပေးကာ လစ်လျူရှုလိုက်တတ်ကြသည်။ ထိုသို့ မေတ္တာမပါသောကူညီမစမှုများကို ပြုကြဖို့ မဟုတ်ပါ။ (တရား၊ ၁၅း၈)။ သမ္မာကျမ်းစာက အကြင်သူငယ်တစ်ယောက်အား ခရစ်တော်၏မျက်နှာကိုထောက်၍ ရေတစ်ခွက်ကိုပေး၏။ ထိုသူသည် အကျိုးကိုမရဘဲမနေ ဟု မိန့်တော်မူပါသည်။ ယနေ့ ဤအချိန်သည် တစ်ယောက်နှင့်တစ်ယောက်ဆွေးနွေးပြီး၊ ဘုရားသခင်ကို အပြစ်တင်နေရမည့်အချိန်မဟုတ်ပါ။ စားစရာမရှိ ဖြစ်နေသောသူများ၊ နေစရာမရှိဖြစ်နေသောသူများ၊ အခွင့်အရေး ဆုံးရှုံးနေသူများကို ခရစ်တော်၏မေတ္တာကို ထောက်၍ ကူညီမစကြဖို့ လိုအပ်ပါသည်။ ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှ ချစ်ပါ ဟူသော ဘုရားသခင်၏အမိန့်တော်ကို သမ္မာကျမ်းစာအုပ်ထဲ ၌သာ ထားကြဖို့မဟုတ်ဘဲ၊ လက်တွေ့ လုပ်ဆောင်ဖို့ လိုအပ်ပါသည်။

**အသင်းတော်၏တာဝန်**

ယနေ့ အကြီးဆုံးသောအခွင့်အရေးကို ခရစ်ယာန်များရရှိကြခြင်းဖြစ်သည်။ ယုံကြည်သူများ၏ မေတ္တာပြကူညီမစမှုများကြောင့် များစွာသောဒုက္ခသည်များသည် စားစရာရ၊ နေစရာရကြပါသည်။ ဘုရားသခင်၏မေတ္တာတော်ကို ခံစားနေကြရသည်။ နိုင်ငံတော်အကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ဆွေးနွေးတိုင်ပင်၍ ခွင့်ပြုချက်ကိုရယူပြီး၊ လုပ်ဆောင်ကြခြင်းအားဖြင့် ထိရောက်သောကူညီမစမှုကို ပြုခွင့်ရကြပြီး တဆင့်ပြီးတဆင့် သူတို့၏ လိုအပ်မှုများကို ဆက်လက်၍ ကူညီမစသွားကြဖို့ ဖြစ်ပါသည်။ ဘုရားရှင်သည် ဤလောက၌ အသင်းတော်ကို ထားခြင်းသည် အဓိပ္ပါယ်မဲ့ မဟုတ်ပါ။ ဘုရားသခင်၏မေတ္တာတော်ကို ခံစားကြရသောသူများသည် သဘာဝဘေး အန္တရာယ်ကြုံတွေ့နေကြရသောသူများ၏ အဖြစ်အပျက်ကို မြင်တွေ့ကြသောအခါ၊ လူမျိုးချင်း မတူကြ သော်လည်း မနေနိုင်ကြပါ။ ဘုရားသခင်၏မေတ္တာက သူတို့နှလုံးသား၌ နှိုးဆွသွေးဆောင်၍ တတ်နိုင်သည့် ကဏ္ဍမှ မေတ္တာပြပါဝင်ဖို့ ပြင်ဆင်လုပ်ကိုင်လျက် ရှိကြ ပါသည်။ ယနေ့ ယုံကြည်သူများ ခရစ်တော်၏ စေခိုင်းမှုကို နာခံ၍ အကူအညီလိုအပ်နေသောသူများကို မိမိတို့၌ ရှိသောအရာများအားဖြင့် ပါဝင်ကြဖို့ ဖြစ်ပါသည်။ ထိုသို့ပြုကြခြင်းအားဖြင့် ဘုရားသခင်၏ ကောင်းကြီးမင်္ဂလာကို ကျွန်ုပ်တို့ခံစားကြရမည်ဖြစ်ပါသည်။ ယနေ့ ကျွန်ုပ်တို့၌ ဝတ်စရာမရှိသောသူများကို ဝေမျှပေးကြဖို့ လိုပါသည်။ ကျွန်ုပ်တို့၌ စားစရာများစွာ ပိုလျှံလျက်ရှိနေကြပါက စားစရာမရှိ၊ မွတ်သိပ်နေသောသူများကို ကျွန်ုပ်တို့၌ရှိသော စားစရာများကို ဝေမျှပေးကြဖို့လိုပါသည်။ ကျွန်ုပ်တို့၌ အခြားသူများကို ဝေမျှပေးဖို့ရန်အတွက် စည်းစိမ်နှင့်ကြွယ်ဝခြင်းအခွင့်ကို ဘုရားသခင်က ပေးထားခြင်းဖြစ်သည်။ ယဇ်ပုရောဟိတ်နှင့် လေဝိတို့က ပညတ်တရားအပေါ် ၌ အလျော့အတင်းမလုပ်ဘဲ ရပ်တည်ခဲ့ကြသဖြင့် လမ်း၌တွေ့ရသောဒုက္ခသည်ကို ကူညီကယ်ဆယ်ဖို့ အခွင့်အရေး လွတ်သွားရပါသည်။ ရှမာရိလူကမူ လမ်း၌တွေ့ရသောဒုက္ခသည်ကို မေတ္တာနှလုံးသားနှင့်ကူညီမစ၍ ကောင်းကြီးမင်္ဂလာကို ရယူသွားပါသည်။ ယနေ့ ထိုမေတ္တာနှလုံးသားမျိုး ကျွန်ုပ်တို့အယောက်တိုင်း၌ ဘုရားသခင်ထည့်ပေးထားပါသည်။ ကျွန်ုပ်တို့သည် မိမိကိုယ်မိမိ ခရစ်ယာန်ဟု သိမှတ်ခေါ်ဆိုသော်လည်း မိမိ၌ရှိသည့်အရာကို ခွဲဝေမပေးနိုင်လောက်အောင် မိမိရှေ့၌ ဒုက္ခရောက်နေသူကို တွေ့ပါလျက် ကူညီမစမှု မပြုနိုင်လောက်အောင် မေတ္တာမဲ့နေပါက ကျွန်ုပ်တို့နှလုံးသား၌ ခရစ်တော်အမှန်တကယ် ရှိ၊ မရှိ စစ်ဆေး ဆင်ခြင်ကြဖို့လိုပါသည်။ ကျွန်ုပ်တို့ ကိုးကွယ်သော ဘုရားသခင်သည် ဘုရားဘုန်းစည်းစိမ်ကို စွန့်လွှတ်၍ ကြေကွဲကျိုးပဲ့နေသော ကမ္ဘာကြီးထဲသို့ မည်သူမျှမပါဘဲ၊ တစ်ယောက်တည်း ဆင်းကြွလာခဲ့ပါသည်။ ထိုအရှင်သည် လူများကို ဘုရားရှင်၏ တရားတော်ကို သွန်သင်၍၊ နာသောသူများကို ကုသပေးလျက်၊ မွတ်သိပ်သောသူများကို ကျွေးမွေးပြုစုခဲ့သည်။ ထိုဘုရားရှင်က အငယ်ဆုံးသောသူတစ်ဦးတစ်ယောက်ကို ပြုခြင်းသည် မိမိကိုပြုခြင်းဖြစ်ကြောင်း မိန့်တော်မူခဲ့ပါသည်။ ယနေ့ ကျွန်ုပ်တို့သည် ထိုသဘောတော်နှင့် အသက်ရှင်သွားပါက လူတို့သည် ဘုရားသခင်၏ဘုန်းတော်ကို မြင်ကြရမည် ဖြစ်ပါသည်။ ဆရာကြီးရစ်ဝေါရင်က သူသည် လှိုင်းတံပိုးကို မဖန်တီးတတ်သော်လည်း လှိုင်းကိုစီးတတ်ကြောင်း ပြောပါသည်။ လှိုင်းမစီးတတ်သောသူက မွန်းသော်လည်း လှိုင်းစီးတတ်သောသူက အလွန်သက်သာပြီး၊ ကောင်းမွန်လှပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ဖန်တီးပေးသောအမှုကို အခွင့်အရေးယူ၍ လူသားများ သက်တောင့်သက်သာရှိဖို့ရန်၊ ပါဝင်ကြဖို့ ကိုယ်တော်အလိုတော်ရှိပါသည်။ ထိုသို့အလို့ငှါ ကိုယ်တော်က ကျွန်ုပ်တို့အား ခေါ်ထားခြင်းဖြစ်ပါသည်။

**မေတ္တာမျက်စိရှိ၍**

သခင်ယေရှုသည် ရှမာရိလူ၏ ထားပြနိုင်စက်

ခြင်းခံရသူအား ကူညီသည့်အမှုကို အကြောင်းပြု၍ ယဇ်ပုရောဟိတ်၊ လေဝိ နှင့် ရှမာရိလူသုံးယောက်တို့တွင် အဘယ်သူသည် ထားပြလက်သို့ ရောက်သောသူနှင့် စပ်ဆိုင် သောသူ ဖြစ်ပါသနည်းဟု ကျမ်းတတ်လူငယ်အား မေးလျှင် လူငယ်ကိုသနားသောသူသည် စပ်ဆိုင်သောသူ ဖြစ်သည် ဟုပြန်လျှောက်ပါသည်။ ထိုအခါ သခင်ယေရှုက ကျမ်း တတ်အား သင်သည်သွား၍ ထိုနည်းတူပြုလော့ဟု မိန့် တော်မူပါသည်။ သခင်ယေရှုသည် ကျမ်းတတ်လူငယ် အားသာ ထိုစကားကိုမိန့်တော်မူခြင်းမဟုတ်ဘဲ၊ ကျွန်ုပ်တို့ ယုံကြည်သူအယောက်တိုင်းကိုလည်း ထိုသို့ သွား၍ ပြုကြဖို့ရန် မိန့်တော်မူနေခြင်းဖြစ်ပါသည်။ ကမ္ဘာနှင့် အဝှမ်း ရှိလူများက လေဘေးသင့်ပြီး၊ ရေလွှမ်းခြင်းခံရသော ဒေသများသို့ နည်းအမျိုးမျိုးဖြင့် ကူညီနေကြသလို ဆက်လက်၍ကူညီဖို့ရန်အတွက်လည်း ကြိုးစားအားထုတ် နေကြပါသည်။ ထိုအမှု၌ ကျွန်ုပ်တို့မည်ကဲ့သို့ ပါဝင် ကြမည်နည်း။ ပေးလှူခြင်းအားဖြင့်ဖြစ်စေ၊ ဆုတောင်း ပါဝင်ခြင်းအားဖြင့်ဖြစ်စေ၊ ကိုယ်တိုင်သွားရောက်၍ဖြစ်စေ၊ ပါဝင်နိုင်ပါသည်။ ယခု ရေလွှမ်းခံရသောဒေသအများမှ လယ်မြေများတွင် ပင်လယ်ဆားနေ်ရေများ ဝင်ရောက်မှု ကြောင့်၊ လာမည့်လေးငါးနှစ်အတွင်း ယခင်စိုက်ပျိုးသော စပါးမျိုးကို စိုက်ပျိုးနိုင်မည်မဟုတ်ကြောင်း၊ စိုက်ပျိုးရေး ပညာရှင်များ၏အဆိုအရသိရှိရပါသည်။ ပြည်ပနိုင်ငံ အများမှ ဆားနေ်ရေဝင်သောဒေသများ၌ စိုက်ပျိုးနိုင်သော စပါးများရဖို့ရန် ကူညီပြင်ဆင်နေကြသလို ကျွန်ုပ်တို့က လည်း ထိုအမှုအရာ၌ ဆုတောင်းခြင်းဖြင့် ပါဝင်နိုင်ပါသည်။ စိုက်ပျိုးရေးပညာရှင်များက ထိုအရပ်ဒေသ၌နောက် လေးငါးနှစ်ကြာမှ ယခင် စပါးမျိုး ပြန်၍ စိုက်ပျိုးနိုင်မည်ဟု ဆိုကြသော်လည်း၊ မနက်ဖြန် ပြန်၍ စိုက်နိုင်အောင် ဘုရားရှင်က အံ့သြဖွယ်မစနိုင်ပါသည်။ ကျွန်ုပ်တို့ ကိုးကွယ် သောဘုရားသည် ပြဿနာအားလုံး၏ အထက်၌ရှိသော ဘုရားဖြစ်သလို၊ အရာခပ်သိမ်းကို ဖန်ဆင်းသောဘုရား လည်း ဖြစ်ပါသည်။ ပညာရှင်တစ်ဦးက လောက၌ မျက်စိ စုံလုံးကန်းသောသူထက် ဆိုးသောသူရှိပါသလားဟု မေးသောသူတစ်ဦးအား ရှိသည်ဟု ဖြေပါသည်။ လောက၌ ဒုက္ခဆင်းရဲရောက်နေသောသူများရှိသည်ကို မြင်နေလျက် နှင့် ထိုသူများကို မမြင်သောသူသည် မျက်စိစုံလုံးကန်း သောသူထက် သာ၍ဆိုးသောသူများဖြစ်ကြပါသည်။ ယနေ့ လူကန်းထက်ဆိုးသော ခရစ်ယာန်များစွာ ရှိပါသည်။ ထိုသူများအထဲ၌ ကျွန်ုပ်တို့မပါကြဖို့ရန် နှုတ်ကပတ်တော် အားဖြင့် သတိပြု ဆင်ခြင်သင့်ပါသည်။

*"ယုံကြည်သောငါတို့၌ ပြတော်မူသော အလွန် ကြီးလှစွာသော တန်ခိုးတော်အား အဘယ်မျှလောက် ကြီး သည်ကိုလည်းကောင်း၊ သင်တို့သည် သိစေခြင်းငှါ၊ သင်တို့၏ ဉာဏ်မျက်စိကို လင်းစေပါမည့်အကြောင်း ဆုတောင်းပဋ္ဌနာ ပြု၏။" (ဖေက်၊ ၁း၁၇)။*

တမန်တော်ကြီး ရှင်ပေါလုက ကျွန်ုပ်တို့ ဉာဏ် မျက်စိလင်းစေဖို့ရန် ဘုရားသခင်မစပါမည့်အကြောင်း ဆုတောင်းပေးပါသည်။ လောကကြီးထဲ၌ မျက်စိရှိလျက် မမြင် သောသူများ၊ နားရှိလျက် မကြားသောသူများ များစွာရှိပါသည်။ ကျွန်ုပ်တို့နားက မကြားသင့်သော အရာများကို ကြားတတ်ကြသည်။ အပြစ်တင်သံများ၊ ဘုရားသခင်ကို ဆန့်ကျင်သောစကားများကိုသာ ကြားကြ သည်။ မျက်စိကလည်း မဟုတ်တာတွေကိုသာ မြင်တတ် ကြသည်။ ဘုရားသခင်က ကျွန်ုပ်တို့၏ ဉာဏ်မျက်စိကို ဖွင့်လိုက်သည့်အခါ ဒုက္ခရောက်နေ၍၊ ဘုရားသခင် ကယ်ဖို့ရန် အလိုရှိသောသူများကို မြင်တတ်လာမည် ဖြစ်သည်။ ထိုသို့ ပြုကြပါက ဘုရားသခင် သည် ယောဘ၌ ပြုသကဲ့သို့ ကျွန်ုပ်တို့၏အသက်တာ၌ ရှေ့ ဖြစ်ဟန်သည် နောက်ဖြစ်ဟန်ထက်သာ၍ ဘုရားသခင်၏ ကောင်းကြီးကို ခံစားရမည်ဖြစ်သည်။

*"ထိုသို့ ထာဝရဘုရားသည် ယောဘ၏ ရှေ့ဖြစ်ဟန်ကို ကောင်းကြီးပေးတော်မူသည်ထက် နောက်ဖြစ်ဟန်ကို သာ၍ ကောင်းကြီးပေးတော်မူသဖြင့် ..." (ယောဘ၊ ၄၂း၁၂)*

ဘုရားသခင်သည် ယောဘအား စုံစမ်းခြင်း ကာလ ကိုးလလွန်ပြီးသည့်အခါ ယခင်ကထက် နှစ်ဆသော ကောင်းကြီးမင်္ဂလာကို ခံစားစေပါသည်။ ထို့ကြောင့် အများသောသူတို့က ပြောနေသကဲ့သို့ မြန်မာပြည်ကြီး၌ ကြုံတွေ့ခဲ့ရသော ပျက်စီးဆုံးရှုံးမှုကြီးကြောင့်၊ မစိုးရိမ်ကြ ပါနှင့်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏အလိုတော်နှင့်အညီ ပြုသင့်သောအမှုများကို မေတ္တာစိတ်နှင့်ပြုကြပါက သဘာဝ လေဘေးဒဏ်ခံစားရသောဒေသများ၌ ဘုရားသခင်သည် ရှေ့ဖြစ်ဟန်ထက် နောက်ဖြစ်ဟန်ကို သာ၍ ကောင်းကြီး ပေးမည်ဖြစ်ကြောင်း၊ စိတ်ချလျက် အသက်ရှင်ပါဝင်ကြဖို့ရန်၊ မေတ္တာနှင့် အားပေးဝေငှလိုက်ပါသည်။

• • • • • • • • • • • • • • • • • • • •

# ဆုတောင်းပဌနာပြုကိုးကွယ်ခြင်း

**ဆရာမ Neam Thian Huai**

(ရှင်ယောဟန် ၄း၂၄) ဘုရားသခင်သည် နံဝိညာဉ်ဖြစ်တော်မူ၏။ ဘုရားသခင်ကို ကိုးကွယ်သောသူတို့သည် နံဝိညာဉ်နှင့်၎င်း၊ သစ္စာနှင့်၎င်း ကိုးကွယ်ရမည်ဟုမိန့်တော်မူ၏။ ဘုရားသခင်ကို ကိုးကွယ်ရာ၌ နံဝိညာဉ်နှင့်၎င်း၊ သစ္စာနှင့်၎င်း ဟုဆိုထားရာ၊ ထိုအထဲမှ ကိုးကွယ်ခြင်းအမှုတစ်ခုဖြစ်သော ဆုတောင်းခြင်းဖြင့် ဘုရားသခင်နှင့် ဆက်သွယ်ခြင်းအမှုကို အနည်းငယ်ဝေငှလိုပါသည်။ သစ္စာတရားနှင့်ကိုးကွယ်ရမည် ဟုဆိုသည့်နေရာ၌ ဆုတောင်းခြင်း၌သစ္စာရှိရမည်ဖြစ်သည်။ ဆုတောင်းခြင်းအပြင် အခြားသောကိုးကွယ်မှုအသီးသီးတို့၌လည်း ထိုကဲ့သို့ပင်ဖြစ်သည်။ ဥပမာအားဖြင့် ဆုတောင်းရန်သတ်မှတ်ထားသောအချိန်တွင် သစ္စာရှိစွာဆုတောင်းခြင်းဖြစ်သည်။ ကျွန်ုပ်တို့၌ နေ့စဉ်ပြုရမည့်လုပ်ငန်းဆောင်တာများဖြင့် တစ်နေ့တာမအားလပ်နိုင်အောင်ဖြစ်နေတတ်ကြပါသည်။ အချိန်ပိုဟူ၍မရှိတတ်ကြပါ။ ထိုသို့ဖြစ်နေသည့်ကြားမှ အချိန်ပေး၍ဆုတောင်းခြင်း၊ (သို့မဟုတ်) ဘုရားသခင်နှင့် စကားပြောရန်လိုအပ်ပါသည်။ ဓမ္မသီချင်းတစ်ပုဒ်၌

'ဆုတောင်းလို့ငါ၊ မှတ်သားနာရီ
လောကီမှုရေး မျိုးမျိုးပယ်၍…' သီချင်းထဲတွင် အမှုအရာမရှိဟုမဆိုထားပါ၊ အမှုအရေးအမျိုးမျိုးကိုပယ်ရှား၍ ဆုတောင်းရန် သတ်မှတ်ထားသောအချိန်၌ မဖြစ်မနေဆုတောင်းရမည်ဟု ဆိုပါသည်။ ဘုရားသခင်သည် ဖြောင့်မတ်သောသူများ၏ ဆုတောင်းခြင်းကို နှစ်သက်သောဘုရားဖြစ်ပါသည်။ (သုတ္တံ ၁၅း၈)။ ထို့ကြောင့် ဘုရားသခင် နှစ်သက်သောအမှုကိုပြုရမည်ဖြစ်သည်။ (ရှင်ယာကုပ် ၁၅း၁၆) ၌ 'သူတော်ကောင်းဆုတောင်း၍ အရှိန်ကြီးသောပဌနာသည် အလွန်တန်ခိုးပါ၏'ဟုဆိုထားပါသည်။ ဖြောင့်မတ်သောသူ၏ဆုတောင်းခြင်းအရှိန်ကြီးသော ပဌနာသည် အလွန်တန်ခိုးပါ၍ ကြီးစွာသောတန်ခိုးကို ဖြစ်စေပါသည်။ ဘုရားသခင်၏အလိုတော်သို့လိုက်၍ ဘုရားကိုရှိသေလေးမြတ်သူ၏စကားကိုနားထောင်တော်မူသောဘုရားဖြစ်သည်။ (ယော ၉း၃၁) ကျွန်ုပ်တို့ဆုတောင်းခြင်းအဖြေရရန်၊ ဤအရာနှင့်ကိုက်ညီရပါမည်။ (ယောဟန် ၁၄း၁၃) ခမည်းတော်ဘုန်းထင်ရှားရန်အတွက် ယေရှုခရစ်တော်တည်းဟူသောသားတော်၏ နာမတော်ကိုအမှီပြု၍ ဆုတောင်းသမျှအတိုင်းရမည် ဖြစ်သည်။

(ဖိလိပ္ပိ ၄း၆)၌လည်း၊ အဘယ်အမှုကိုမျှ စိုးရိမ်ခြင်းမရှိဘဲ၊ အရာရာ၌ ကျေးဇူးတော်ချီးမွမ်းခြင်းနှင့်တကွ ဘုရားသခင်ထံသို့ တောင်းပန်ကြားလျှောက်နိုင်ကြောင်းဖော်ပြထားပါသည်။ ကျွန်ုပ်တို့နေ့စဉ်ကြုံတွေ့ရသောအဖြစ်အပျက်များဖြစ်သော ဝမ်းမြောက်စရာ၊ ဝမ်းနည်းစရာ၊ မကျေနပ်မှု၊ ခက်ခဲမှုစသည့်အရာအားလုံး၌ အကြိမ်များစွာ ကျွန်ုပ်တို့သည် စိုးရိမ်မှုအပြည့်ဖြင့် ညည်းတွားမြည်တမ်းခြင်း၊ ဝေဖန်ပြစ်တင်ခြင်း၊ သုံးသပ်ခြင်းစသည်တို့ကို မိမိတို့ကျေနပ်လောက်သည်အထိ လျှင်မြန်စွာ နှုတ်မြွက်ပြောဆိုမိတတ်ပါသည်။ သို့သော် သမ္မာကျမ်းစာက ဦးစွာ ထိုသို့မပြုဘဲ အရာရာ၌ ကျေးဇူးချီးမွမ်းခြင်းနှင့် ဆုတောင်းပဌနာပြုရန်သာ ဆိုထားပါသည်။ ထို့ကြောင့် မိမိတို့အသက်တာကို စိုးရိမ်ခြင်းအတွက် အခွင့်မပေးမိရန်လိုပါသည်။

(ရှင်ယောဟန် ၁၅း၇) တွင် ကျွန်ုပ်တို့သည် ခရစ်တော်၌၎င်း၊ နှုတ်ကပတ်တော်၌၎င်း ရပ်တည်မည်ဆိုလျှင် တောင်းချင်သမျှကိုတောင်း၍ရကြလိမ့်မည်ဟု ဆိုပြန်ပါသည်။ ခရစ်တော်နှင့်၎င်း၊ နှုတ်ထွက်စကားတော်နှင့်၎င်း တည်သောသူသည် ဘုရားသခင်၏အလိုတော်ကို သိသောသူဖြစ်၍ ထိုသူ၏ဆုတောင်းပဌနာပြုချက်တို့သည် ဘုရားသခင်အလိုရှိတော်မူသောအရာများ၊ တနည်းအားဖြင့် ဘုရားသခင်၏နှလုံးသားတောင့်တချက်များကိုပင် ထိုသူသည် တောင့်တလိုချင်ဆုတောင်းနေ ပေလိမ့်မည်။ ဆက်လက်၍ ဆုတောင်းချက်အဖြေမရခြင်းအကြောင်းရင်းအချို့ကို ဝေငှလိုပါသည်။

ဆုတောင်းသူသည် နှလုံးသားထဲတွင် ဒုစရိုက်ကိုငဲ့ကွက်လျှင် ဘုရားသခင်သည် နားထောင်တော်မမူပါ။ (ဆာလံ ၆၆း၁၈) ကာမဂုဏ်ခံစားဖို့ရာအတွက် အလွဲတောင်း မိလျှင်လည်းရမည်မဟုတ်ပါ။

(ယာကုပ် ၄း၃)။ အိမ်ထောင်ရှိသူဖြစ်ပါက ဆုတောင်းခြင်းအမှုကို အဆီးအတားမရှိပြုနိုင်ရန် ဇနီးမောင်နှံသင့်မြတ်ရေးကိုလည်း သတိပညာရှိစွာ ပြုကျင့်ရန်ဖြစ်သည်။ (၁ပေ ၃း၇) ဇနီးမောင်နှံတစ်ဦးနှင့်တစ်ဦး သဘောတူကျေနပ် ရန်လိုအပ်ပါသည်။

သူတပါးအပြစ်ကိုလွှတ်ရမည်။ သို့မှသာ ကျွန်ုပ်တို့ကိုယ်တိုင်အားကောင်းကင်ဘုံရှင်အဘက အပြစ်လွှတ်မည်ဖြစ်သည်။ (မာကု ၁၁း၂၅-၂၆)

ခွင့်လွှတ်ခြင်းနှင့်ပတ်သက်၍ ဘုရားသခင် စကားပြောသောအရာကို သက်သေခံလိုပါသည်။ လွန်ခဲ့သော ဇွန်လထုတ် MC စာစောင်၌ အမှန်တရားအားဖြင့်အသွင်သဏ္ဌာန်ပြောင်းလဲခြင်း ဟူသော ခေါင်းစဉ်အောက်၌ ဘုရားနှုတ်ထွက်အတိုင်း၊ လမ်းညွှန်မှုအတိုင်း အသက်ရှင်ရန်ရေးသားဖော်ပြထားသည်။ ထိုအထဲမှ စာပိုဒ်တစ်ပိုဒ်သည် ကျွန်ုပ်ကို အင်မတန်တို့ထိပါသည်။ တရားဒေသနာ(သို့မဟုတ်) ဒေသနာပို့ချသူ ဆရာထံမှ ခွန်အားဘာမှ ထပ်မရတော့ဘူးဟူ၍ သင်ခံစားရတဲ့အချိန်တိုင်းမှာ သင့်ရဲ့စိတ်သဘောကို ပြန်လည်ဆန်းစစ်ပါ။ အထူးသဖြင့် သင့်ရဲ့မာနကို ပြန်လည်သုံးသပ်ပါ။ ဘာကြောင့်လဲဆိုရင် သင့်မှာ နှိမ့်ချစွာနဲ့ခံယူလိုစိတ် မရှိတဲ့အခါမှာ ဘုရားသခင်က ပျင်းရိစရာကောင်းလောက်အောင် ဒေသနာကိုပို့ချတဲ့သူတွေကတဆင့် စကားပြောတဲ့အတွက်ဖြစ်တယ်။ (ယာကုပ် ၁း၂၁) သင်တို့စိတ်ဝိညာဉ်ကိုကယ်တင်နိုင်သောအထဲ၌ စိုက်ပျိုးသောနှုတ်ကပတ်တရားကို နူးညံ့သိမ်မွေ့သောစိတ်နှင့်ခံယူကြလော့။ ။

လွန်ခဲ့သည့် ၂နှစ်တာကာလမျှအတွင်း ကျွန်ုပ်၏စိတ်နှလုံးထဲမှာ မကျေနပ်ဘဲ မခွင့်လွှတ်နိုင်သော အရာများစွာရှိခဲ့သည်။ ထိုအတွက် အပါတ်စဉ် ဘုရားသခင်က သင်းအုပ်ဆရာမှတဆင့် ခွင့်လွှတ်ဖို့နဲ့ သမ္မာကျမ်းစာအတိုင်းလိုက်လျှောက်ဖို့ အပါတ်စဉ်လိုလို ဖွင့်ပြခဲ့သည်။ ဆရာသည် အခြားသောခေါင်းစဉ်များကို ရွေးချယ်၍ ဟောနေပါသော်လည်း ဤအရာဖြင့်ပင် နိဂုံးချုပ်နေသည်။ ထို့အတွက် တရားဟောဆရာအား ဘုရားသခင်အသစ်ဖွင့်ပြချက်ပေးဖို့ဆုတောင်းရင်းနှင့်ပင် ဒေသနာကိုအခြားခေါင်းစဉ်များနှင့်လည်းဝေငှရန် ပြောဆိုမိသည်။ သို့သော် တရားဟောဆရာက ပရိသတ်အတွက်လိုအပ်သောအရာကို ဘုရားသခင်က ဖွင့်ပြကြောင်း၊ ဤအရာသာဖြစ်ကြောင်းပြန်ပြောရင်းနှင့် ၂နှစ်တာကာလမျှကုန်ဆုံးခဲ့သည်။ တနေ့ အမှန်တရားအားဖြင့် အသွင်သဏ္ဌာန်ပြောင်းလဲခြင်း အကြောင်းကို ဖတ်ရင်းနှင့် ဘုရားသခင်က ကျွန်ုပ်၏ စိတ်နှလုံး နူးညံ့သိမ်မွေ့စွာ နှုတ်ကပတ်တရားတော်ကို ခံယူနိုင်ရန် သွန်သင်သည့်အခါ နောင်တရလျက် ဆက်ကပ်ရပါသည်။ ခွင့်မလွှတ်နိုင်သည့်အရာများ၊ လူများကိုပင် ခွင့်လွှတ်နိုင်ခဲ့ပါသည်။

သမ္မာကျမ်း၌ ဆုတောင်းသောပုဂ္ဂိုလ်များစွာ တွေ့ရသည့်အနက် ဒံယေလသည် တနေ့လျှင် သုံးကြိမ် ဆုတောင်းပဌနာပြုမှုသည် ယုံကြည်သူခရစ်ယာန်များ အတွက် အထူးပြောစရာမလိုဘဲသိနှင့်ပြီးသားဖြစ်သည်။ ထိုကဲ့သို့ပင် ဒါဝိဒ်မင်းကြီးလည်း ဆုတောင်းသည်။ (ဆာလံ ၅၅း၁၇)။ ဓမ္မသစ်ကျမ်း၌ (ဖေက် ၆း၁၈) ကာလအစဉ် စိတ်နှလုံးပါလျက် ဆုတောင်းကြရန်နှင့် ထိုသို့ သန့်ရှင်းသူအပေါင်းဆုတောင်းနိုင်ရန်၊ ဆုတောင်းပေးရန် ထပ်လောင်း၍ ပြောကြားထားသည်။ (၁သက် ၅း၁၇) မခြားမလပ်ဆုတောင်းရန် ဆိုထားပြန်သည်။

ထို့ကြောင့် မည်မျှခက်ခဲပင်ပန်းသည် ဆိုစေတော့ အမှုအရာအားလုံးအထက်၌ ဆုတောင်းချိန်ထား၍ဖြစ်စေ၊ မခြားမလပ်ဖြစ်စေ စိတ်နှလုံးပါလျက် ဆုတောင်းရန်ဖြစ်ပါသည်။

အလုပ်တစ်ခုခုကိုစိတ်ဝင်စားစွာ ထမင်းမေ့ဟင်းမေ့ပြုလုပ်တတ်သည်ဆိုစေတော့၊ တစ်ရက်တလေသာဖြစ်ပေလိမ့်မည်။ အခါများစွာမေ့လျော့၍ အလုပ်ကိုသာကုန်းရုန်းလုပ်မည်ဆိုလျှင်၊ ခန္ဓာကိုယ်အတွက် များစွာအကျိုးယုတ်ပေလိမ့်မည်။ ထိုကဲ့သို့ ဆုတောင်းခြင်းကိုမေ့လျော့၍ မခြားမလပ်ဆုတောင်းပဌနာပြု ကိုးကွယ်ခြင်း မပြုလုပ်မိပါက သက်ထာဝရအတွက်ပင် မဆိုထားနှင့် ဤယာယီတဲအတွင်း၌ပင် များစွာအကျိုးယုတ်ပေလိမ့်မည် ဆိုသည်ကို အနည်းငယ်တိုက်တွန်းနှိုးဆော်လိုပါသည်။

*(၂၀၀၈ ခုနှစ် ဇူလိုင်လ(၂၀)ရက်နေ့ ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ZCFအမျိုးသမီးဝတ်ပြုအစည်းအဝေး၌ဝေငှသော တရားဒေသနာကို ပြန်လည်ဖော်ပြပေးခြင်းဖြစ်ပါသည်။ အယ်ဒီတာ။)*

# ယုဒသန်နှင့်မြန်မာရွှေပြည်

## (အင်းဝကြိုးတိုက်ထောင်နှင့် အောင်ပင်လယ်လက်မရှိထောင်တို့တွင်နေခဲ့ရသူ)

မောင်စင်ကြယ်

**ဆရာယုဒသန်၏နောက်ဆုံးနေ့များ**

"၁၈၃၇ ခုနှစ်တွင် ဘကြီးတော်ဘုရားမှာ နာမကျန်းဖြစ်တော်မူ၍ ညီတော်အိမ်ရှေ့ သာယာဝတီ မင်း (ဝါ)ကုန်းဘောင်မင်း ဘုရင်ဖြစ်လာသည်။ သူသည် စိတ်ဓါတ်ရေးရာအရ ပြင်းထန်တော်မူသဖြင့် နောင်တော် လက်ထက်မှစစ်ပြေငြိမ်းရေးကို အသိအမှတ် မပြုသည့်အပြင် နောင်တော်၏မိဖုရား 'မယ်နု'၊ မယ်နု၏မောင်တော် 'စလင်းမင်းသားကြီး'၊ မိမိ၏ အနောက်နန်းမိဖုရား 'မမြလေး' အပါအဝင် ရှင်းလင်းပစ်၍ အသက် (၇၀)ကျော် မြဝတီမင်းကြီး 'ဦးစ' တို့ အား လမ်းဖို့ရာသို့ပို့ပစ်လေသည်။ သို့ဖြစ်၍ ဆရာယုဒသန်သည် သူ၏ ရန်ကုန်သာသနာစခန်း ကို ကျဉ်းပစ်လျက် 'အမရပူရ' ရှိ မစ္စတာကင်းကိတ်ကို ပြည်မြို့သို့ပြန်လည်ပြောင်းရွှေ့လာစေသည်"

"၁၈၅၀ ခုနှစ်သို့ရောက်လျှင် ဆရာယုဒသန် ၏ ကျန်းမာရေးအခြေအနေမှာ ပိုဆိုးလာသည်။ ဇနီးသည် အယ်မီလီချူဘတ်အပါအဝင် သာသနာပြု အဖွဲ့ဝင်အားလုံး က ဆရာယုဒသန်၏ ကျန်းမာရေးအတွက် စိုးရိမ်နေကြ သည်။ ၁၈၃၆ ခု ဆရာယုဒသန်၏ သာသနာပြုသက်တမ်း (၂၃) နှစ်အတွင်း၌ မြန်မာ–မွန် (၂၀၇)ဦး၊ ကရင်လူမျိုး (၇၂၉)ဦး၊ နိုင်ငံခြားသား ခရစ်ယာန်ဘာသာဝင်(၂၀၇)ဦး၊ စုစုပေါင်း(၁၁၄၃)ဦး တို့သည် ခရစ်ယာန်ဘာသာဝင်များ ဖြစ်လာကြပေ သည်။

ဆရာယုဒသန်၏လုပ်ရပ်များနှင့်ပတ်သက်၍ သုတေသီအချို့က အောက်ပါအတိုင်းသုံးသပ်ကြ၏။ ဆရာယုဒသန်သည် သာသနာပြုလုပ်ငန်းကို ပုံစံ အမျိုးမျိုး ဖြင့်ပြုလုပ်နိုင်သည့်အပြင် ခရစ်ယာန်စာပေပြုစုရေး လုပ်ငန်းကိုလည်း လုပ်ဆောင်နိုင်သည်။ အချို့ကမူ ဆရာယုသန်သည် သာသနာပြုလုပ်ငန်းကို လုပ်ဆောင်ရာ တွင် ခရစ်ယာန်စာပေပြုစုရေးအပိုင်း ဘက်၌ ပိုမိုစူးစိုက်၍ အားသန်သည်ဟုဆိုကြ၏"

"၁၈၅၀ ခုနှစ် ဧပြီလ(၃)ရက်နေ့တွင် ဆရာ ယုဒသန်အား ဇာတိပြန်၍ဆေးဝါးကုသရန် သာသနာ ပြုဆရာများနှင့် ဇနီးသည် အယ်မီလီချူဘတ်အပါအဝင် သင်္ဘောပေါ်သို့ပို့ဆောင်ပေးကြသည်။ မစ္စစ်ချူဘတ်မှာ တာဝန်ရှိနေသောကြောင့် ကိုယ်တိုင်လိုက်ပါခြင်း မပြု နိုင်ဘဲ ယင်း၏ကိုယ်စား မစ္စတာ 'ရန်းနေ' က ဆရာယုဒသန် ၏ အဖော်အဖြစ်လိုက်ပါရ၏။ ဆရာယုဒသန်သည် သင်္ဘော ပေါ်ရောက်စတွင် အခြေအနေများ ကောင်းမွန်သော်လည်း ဧပြီလ(၈)ရက် 'ကပ္ပလီ' ကျွန်း အရောက်တွင် ရုတ်တရက် ကွယ်လွန်သွားလေသည်။ မစ္စတာရန်းနေ သည်ကပ္ပလီကျွန်း တနေရာမှာပင် ဆရာယုဒသန်အား သင်္ဂြိုဟ်လိုက်ရရှာလေ သည်။ ဆရာယုဒသန်သည် မြန်မာနိုင်ငံ၌ နှစ်ခြင်းခရစ်ယာန် သာသနာပြုရန်အတွက် နှစ်ပေါင်း(၃၇)နှစ် နေခဲ့သည်"

"၁၈၅၀ ခု ဆရာယုဒသန် ကွယ်လွန်သွားသော အခါ မြန်မာနိုင်ငံနှစ်ခြင်းသာသနာသည် အောက်ပါ အတိုင်းရှိလေသည်။ မော်လမြိုင်သာသနာ စခန်းတွင် မြန်မာအသင်းတော် ၂၊ ကရင် အသင်းတော် ၁၊ ထားဝယ် ၂၊ ရခိုင်မြောက်ပိုင်း ၂၊ သံတွဲ ၁ စုစုပေါင်း အသင်းတော် ၈ ခုရှိသည်။ သာသနာစခန်းခွဲ မော်လမြိုင်မြန်မာ အတွက် ၉၊ ကရင်အတွက် ၁၃၊ ထားဝယ် ၁၄၊ ရခိုင်မြောက်ပိုင်း ၂၊ သံတွဲ ၁၄ စခန်းပေါင်း ၅၂ ခုရှိသည်။ သာသနာပြုဆရာနဲ့ သူတို့၏ ဇနီးများမှာ မော်လမြိုင်မြန်မာရေးရာ ၁၅၊ ကရင့်ရေးရာ ၈၊ ထားဝယ် ၁၂၊ ရခိုင်မြောက် ၈၊ သံတွဲ၅ စုစုပေါင်း ၄၈ ရှိသည်။ တရားဟောဆရာနှင့်လက်ထောက်များမှာ မော်လမြိုင် မြန်မာရေးရာ ၁၂၊ ကရင့်ရေးရာ ၂၇၊ ထားဝယ် ၁၉၊ ရခိုင်မြောက် ၈၊ သံတွဲ ၄၈ စုစုပေါင်း ၁၁၄ ဦး ဖြစ်သည်။ ဘုရားရှိခိုးကျောင်းများမှာ မော်လမြိုင်မြန်မာ့အသင်း တော် ၃၊ ကရင်အသင်းတော် ၁၂၊ ထားဝယ် ၁၃၊ ရခိုင်မြောက် ၂၊ သံတွဲ ၄ စုစုပေါင်း ဘုရားရှိခိုးကျောင်း ပေါင်း ၃၄ ကျောင်းရှိသည်"

"၁၈၅၀ ခု၊ နှစ်ခြင်းခံပြီးသူ မော်လမြိုင်၌ မြန်မာ ၇၊ ကရင် ၆၁၊ ထားဝယ်၄၇၊ ရခိုင်မြောက် ၄၊ သံတွဲ ၁၇၃ စုစုပေါင်း ၂၉၂ ဦးရှိသည်။ ဘုရားကျောင်း အသင်းဝင်များ မော်လမြိုင်၌ မြန်မာ ၁၉၃၊ ကရင် ၁၆၈၁၊ ထားဝယ် ၉၇၅၊ ရခိုင်မြောက် ၅၅၊ သံတွဲ ၅၀၀၅ စုစုပေါင်း ၇၉၀၉ ဦးရှိသည်။ နော်မန်ကျောင်း ကျမ်းစာ သင်ကျောင်းနှင့် ဘော်ဒါကျောင်းများမှာ မော်လမြိုင် မြန်မာ ၁၊ ကရင် ၄၊ ထားဝယ် ၄၊ သံတွဲ ၃ စုစုပေါင်း ၁၂ ကျောင်းရှိသည်။ တပည့်ဦးရေ မော်လမြိုင်၌ မြန်မာ ၁၀၅ ဦး၊ ကရင် ၁၄၇ ဦး၊ ထားဝယ် ၁၁၆ ဦး၊ သံတွဲ ၅၁ ဦး စုစုပေါင်း ၄၁၉ ဦးရှိသည်။ နေ့ကျောင်းများ မော်လမြိုင်၌ မြန်မာ ၆၊ ကရင် ၂၊ ထားဝယ် ၁၆၊ သံတွဲ၂၀ စုစုပေါင်း ၄၄ ကျောင်းရှိသည်။ ယင်းကျောင်း များတွင် မော်လမြိုင်၌ မြန်မာ ၂၀၆ ဦး၊ ကရင် ၂၄ ဦး၊ ထားဝယ် ၂၇၇ ဦး၊ သံတွဲ ၂၁၁ ဦး စုစုပေါင်း ၇၁၈ ဦး ရှိသည်။ အထက်ပါအစုစုတို့သည် ဆရာယုဒသန် လက်ထက်

မြန်မာနိုင်ငံနှစ်ခြင်းခရစ်ယာန်သာသနာ၏ စည်ပင်မှုပင် ဖြစ်လေသည်”

**(နှစ်ခြင်းသာသနာဒုတိယခေတ်)**

‘ဆရာခင်ဗျား၊ ဆရာယုဒသန်ဟာ မြန်မာနိုင်ငံကို ၁၈၁၃ ခုနှစ်မှာရောက်လာပြီး၊ ၁၈၅၀ ခုနှစ်မှာ ကွယ်လွန်ခဲ့လေတော့၊ ဒါကို နှစ်ခြင်းခရစ်ယာန်ရဲ့ ပထမခေတ်အဖြစ် သတ်မှတ်ခဲ့ပါတယ်။ ၁၈၅၀ ခုနှစ်နောက်ပိုင်း ကျနော်တို့တတွေ နှစ်ခြင်းခရစ်ယာန်ဒုတိယခေတ်ကိုသတ်မှတ်ဖို့တော့လိုလာပါတယ်’

“ဒါဆိုရင်တော့ကိုဒေါင်းရေ၊ ၁၈၅၀ ခုနှစ် ဆရာယုဒသန် ကွယ်လွန်တဲ့နှစ်ကနေ ‘သီပေါ’ ပါတော် မူတဲ့ ၁၈၈၅ ခုနှစ်နောက်ပိုင်းအထိကို နှစ်ခြင်းခရစ်ယာန် ဒုတိယခေတ်အဖြစ် သတ်မှတ်လို့ရမယ် ထင်တယ်ကွယ်”

‘အကြောင်းကိုဆိုပါဦးဆရာရယ်’

“၁၈၈၅ ခုနှစ်၊ သီပေါမင်းပါတော်မူတဲ့ နောက်ပိုင်းမှာ အရာရာထိန်းချုပ်ထားမှုတွေဟာ ပွင့်ထွက်သွားပါတယ်။ တပည့်ဖြစ်သူသီပေါနဲ့တွေ့ဆုံရန် တောင်းဆိုခဲ့တဲ့ ဒေါက်တာမှတ်လည်း မန္တလေးကို တခါထဲ သွားခွင့်ရသွားပါတယ်။ ဗြိတိသျှအုပ်စိုးမှုဟာ အရာရာကို ပြောင်းလဲသွားစေရာမှာ နှစ်ခြင်းသာသနာလည်းပါပါတယ်။ ဒါကြောင့် ‘ပါတော်မူ’ တဲ့နောက်ပိုင်းအထိကို နှစ်ခြင်းသာသနာရဲ့ ဒုတိယခေတ်အဖြစ် သတ်မှတ်တာပါ”

‘ဒါဆိုလည်း ကောင်းပါတယ်ဆရာ၊ ၁၈၅၀ ခု ဆရာယုဒသန်ကွယ်လွန်တဲ့အချိန်ကစပြီး သီပေါမင်း ပါတော်မူတဲ့ ၁၈၈၅ ခုနှစ်နောက်ပိုင်းအထိ ကျနော်တို့ နှစ်ခြင်းခရစ်ယာန်ဒုတိယခေတ်ကို ဆက်ကြစို့ရဲ့ဆရာ’

“၁၈၄၆ ခုနှစ် ရွှေဘိုမင်း (ခေါ်) သာယာဝတီမင်း နာမကျန်းဖြစ်စဉ်၊ သားတော်ကြီး ‘ပုဂံမင်း’ က ‘အမရပူရ’ ထီးနန်းကိုရရှိသွားသည်။ သို့ရာတွင် သူ၏ နန်းစံသက်မှာ (၇)နှစ်သာရှိ၍ ကုန်းဘောင်မင်းများအတွက် တိုတောင်းလှပေ၏။ ဆရာယုဒသန်၏ နှစ်ခြင်းသာသနာအတွက် ခမည်းတော်သာယာဝတီမင်းလက်ထက်နှင့် သားတော်ပုဂံမင်းလက်ထက်တို့တွင် မျက်နှာသာပေးခြင်းမခံရသဖြင့် ဗြိတိသျှပိုင်နက် ဖြစ်သော ကျိုက္ခမီနှင့်မော်လမြိုင်တွင်ပင် သာသနာ စခန်းကို ဖွင့်လှစ်ခဲ့ရသည်”

“ဆရာယုဒသန်ကွယ်လွန်၍ (၂) နှစ်အကြာ ၁၈၅၂ ခုနှစ် ပုဂံမင်းလက်ထက်၌ အင်္ဂလိပ်–မြန်မာ ဒုတိယစစ်ပွဲဖြစ်ပွါးပြန်ရာ စစ်ရှုံးသဖြင့်၊ ပဲခူးနယ်အပါအဝင် အောက်မြန်မာနိုင်ငံတခုလုံးကို ဗြိတိသျှက သိမ်းယူလေသည်။ ပုဂံမင်းသည် နန်းတွင်းရေးနှင့် စစ်ရှုံးသည်ကို အကြောင်းပြု၍ ထီးနန်းကဆင်းပေးရပြီး ၁၈၅၃ ခုနှစ်တွင် မင်းတုန်းမင်းသား ထီးနန်းရတော့သည်။ မင်းတုန်းဘုရင်သည် စိတ်နှလုံးနူးညံ့၍ သံတမန် ရေးရာတွင်ပါ ကျွမ်းကျင်လိမ်မာသောဘုရင်လည်း ဖြစ်လေသည်။”

“မင်းတုန်းဘုရင်လက်ထက်တွင် ခရစ်ယာန် ဂိုဏ်းခွဲများဖြစ်သော ဇရင်ဂျီ (ရိုမန်ကက်သလစ်)၊ အင်္ဂလိကန်၊ နှစ်ခြင်းခရစ်ယာန်တို့အပြင် မူဆလင် ဘာသာကိုပါ ကူညီထောက်ပံ့တော်မူသည်။ ယင်းသို့ အမရပူရ နေပြည်တော်တွင် မင်းပြောင်းမင်းလွှဲ ဖြစ်ရာတွင် မော်လမြိုင်ရှိ နှစ်ခြင်းသာသနာဌာနချုပ်ပါ အပြောင်းအလဲရှိ လာလေသည်”

“၁၈၅၂ ခု ဂျူလိုင် (၁၂)ရက်နေ့တွင် သာသနာပြုဆရာ မစ္စတာအက်ဘော့နဲ့ ဗင်ပီတာ တို့ သည် မော်လမြိုင်မှ ပုသိမ်သို့ရောက်လာကြသည်။ သံတွဲတွင်ရှိနေသော ကရင်စခန်းသည်လည်း တစတစဖြင့် ပုသိမ်သို့ပြောင်းရွှေ့လာသည်။ အခြေအနေသည် ဆရာယုဒသန်ရှိစဉ်ကထက် နှစ်ခြင်းခရစ်ယာန်ဒုတိယ ခေတ်သို့ပြောင်းလဲနေရာ နှစ်ခြင်းခရစ်ယာန်ဌာနချုပ်ကို မြိတ်၊ ထားဝယ်ကို အခြေခံသော မော်လမြိုင်–ကျိုက္ခမီ တွင်ပင်ထားသည်လား၊ ယခင်အတိုင်း ကရင်ကို အခြေခံသော ကရင်အများစုရှိရာပုသိမ်သို့ ပြောင်းရွှေ့မည်လား၊ သို့မဟုတ် ရန်ကုန်တွင်ပင် ပြန်ပြောင်းမည်လား၊ သာသနာပြုဆရာများသည် ပြောင်းလဲလာသော အခြေအနေပေါ်တွင် စဉ်းစားကြရလေသည်”

“ယင်းနောက် အင်္ဂလိပ်စာသင်ကြားရေး ကိစ္စတွင် ခရစ်ယာန်ကျောင်းအားလုံး၌ အင်္ဂလိပ်စာ သင်သင့်သလော၊ မူလတန်းမှအထက်တန်းအထိပညာ သင်ကြားရေးတွင် တိုင်းရင်းသားဘာသာဖြင့် ကန့်သတ်ထားသင့်သလော၊ တခုနှင့်တခုကား ပတ်သက်နေသဖြင့် စဉ်းစားဖွယ်ဖြစ်နေသည်။ ထိုမှ သာသနာပြုအဖွဲ့နဲ့ သာသနာပြုဆရာများအတွက် ဦးစားပေး လုပ်ငန်းဆိုင်ရာများမှာလည်းစဉ်းစားဖွယ် ဖြစ်လာပြန်သည်။ ယခုအခါ သာသနာပြုဆရာများသည် ဆရာယုဒသန် လက်ထက်ကကဲ့သို့ မိသားစုတစုချင်း နှစ်စုချင်းမဟုတ်တော့၊ သာသနာပြုမိသားစုများလာသည်နှင့် မိသားစုအရေအတွက်မှာလည်း များပြားလာသည်။ သူတို့၏မိသားစုစာရေးနေရေးကိစ္စ၊ ကျန်းမာရေးကိစ္စနှင့် လူမှုရေးကိစ္စများ တနေ့တခြား များပြားလာသည်”

“ထိုမှ သာသနာပြုဆရာများ၏ နားရက်၊ ခွင့်ရက်၊ တဦးချင်းဘဏ္ဍာရေးမှတ်တမ်းများထားရှိရေးကိစ္စ၊ လူမျိုးအုပ်စုအသီးသီး၊ ဘာသာစကားဆိုင်ရာ ဒေသအသီးသီး၌တာဝန်ထမ်းနေသော သာသနာပြုဆရာများအတွက် သီးခြားသာသနာပြုအဖွဲ့များ ဖွဲ့စည်းရန် သင့်မသင့်၊ (၃) နှစ်လျှင်တကြိမ်ကျင်းပသည့် သာသနာပြုဆရာများအစည်းအဝေးခေါ်ဆိုရန် သင့်မသင့်၊ နှစ်ခြင်းသာသနာဒုတိယခေတ်ကိုဖြတ်သန်းရန် ပြဿနာများက တပုံတပင်ကြီး ရှိနေသည်။ ဆရာယုဒသန်သည်သာ ရှိနေသေးလျှင် ယင်းကိစ္စများသည် သူ၏ကိစ္စများပင်ဖြစ်နေပေလိမ့်မည်။ ယခုမူ ဆရာယုဒသန်မှာ မရှိတော့၍ သာသနာပြုဆရာများ၏ကိစ္စ ဖြစ်နေသည်။ ဤသို့ဖြင့် အမေရိကန်နှစ်ခြင်းသာသနာပြုအဖွဲ့၏ (၃၈)ကြိမ်မြောက်နိုင်ငံလုံးဆိုင်ရာ

အစည်းအဝေးမှ ၁၈၅၂ ခုနှစ်အတွက် အောက်ပါအတိုင်း ဆုံးဖြတ်ခဲ့လေသည်”

“နှစ်ခြင်းသာသနာ၏အနာဂတ်ခရီးမှာ လမ်းပွင့်သွားပါပြီ။ ကျွန်ုပ်တို့သည် ပေးအပ်လာသည့် အခြေအနေကို ရင်ဆိုင်ရန်၊ ထွေးပိုက်ရန် အသင့်ဖြစ်ကြပြီလား၊ ကျွန်ုပ်တို့အပေါ် မည်မျှကြီးမားသောတာဝန်များ ကျရောက်နေပါပြီလဲ၊ ကျွန်ုပ်တို့ဘာတွေ ဆက်လုပ်ဆောင်ကြမလဲ၊ အမေရိကန်အသင်းတော်၏ရက်ရောမှု၊ အတ္တပယ်ခွါမှု၊ မသေ့မဖီရပ်တည်မှုတို့အပေါ်တွင် တနှစ်ပြီးတနှစ်ဖိစီးလာမည့်၊ ကြီးမားကျယ်ဝန်းလှသော လုပ်ငန်းတာဝန်တောင်းဆိုမှုများကို ဆင်ခြင်ထောက်ရှု၍ကော်မတီသည် ယခုအခါ စိတ်ဆင်းရဲခြင်းနှင့် ကိုယ်စိတ်ဆင်းရဲခြင်းကို ခံနေရပေပြီ”

“အမေရိကန်နှစ်ခြင်းသာသနာပြုအဖွဲ့သည် ဖွံ့ဖြိုးပြီးနဲ့တည်ရှိပြီး တနင်္သာရီနဲ့ရခိုင်ဒေသရှိ သာသနာပြုလုပ်ငန်းများကို ဆက်လက်ထိန်းသိမ်းသွားနိုင်ရန် သာသနာပြုအင်အားနဲ့ ဘဏ္ဍာငွေကြေးရှာဖွေရန် လိုအပ်နေသည်။ ယင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်လျှင် အခြေအနေပေးသည်နှင့် ပုသိမ်၊ ဟင်္သာတ၊ ပြည်၊ တောင်ငူ၊ ရွှေကျင်၊ ပဲခူးဒေသများတွင် စခန်းသစ်များ တည်ဆောက်ရန်ပင်ဖြစ်သည်။ ထိုမှ ရန်ကုန်နှင့်အင်းဝစခန်းများကိုလည်း ပြန်လည်အားသစ်လောင်းရန်၊ စုစုပေါင်းနှင့် အနည်းဆုံးလိုအပ်သော သာသနာပြု မိသားစုမှာ (၁၂)စုနှင့် ယင်းသာသနာပြုမိသားစု အတွက် ကုန်ကျမည့်ငွေမှာ ဒေါ်လာငွေ ၁၅,၀၀၀ (တသောင်းငါးထောင်) ဖြစ်သည်။”

“ဆရာယုဒသန်ကွယ်လွန်ပြီးတဲ့နောက် ဒီအစည်းအဝေးက အခက်အခဲများကိုလည်းသုံးသပ်ပြီး ၁၈၅၃ ခုနှစ်မှအစပြုပြီး ရန်ကုန်၊ ပုသိမ်၊ ပြည်၊ ပဲခူးတို့မှာ သာသနာလုပ်ငန်းပြန်လည်စတင်ဘို့ ဆုံးဖြတ်လိုက်တယ်ကိုဒေါင်း”

‘ဟုတ်ကဲ့ဆရာ၊ ၁၈၅၃ ခုနှစ် နှစ်ခြင်း သာသနာအစည်းအဝေးဟာ အရေးကြီးကြောင်း ကြားဘူးပါတယ်။ တတ်နိုင်သမျှ သိပါရစေဆရာ’

**(၁၈၅၃ ခုနှစ်အစည်းအဝေး)**

“၁၈၅၃ ခုနှစ် ပြေီလနဲ့မေလတွင် မော်လမြိုင်မြို့၌နှစ်ခြင်းခရစ်ယာန်အစည်းအဝေး ကျင်းပရန် ဆုံးဖြတ်သည်။ ယင်းအစည်းအဝေးသည် မြန်မာနှင့် ကရင်နှစ်ခြင်းအသင်းတော်အစည်းအဝေးလည်း ဖြစ်သည်။ အစည်းအဝေးသည် ဆရာယုဒသန် ကွယ်လွန်ပြီးနောက် နှစ်ခြင်းသာသနာ၏ဒုတိယခေတ်ကိုစတင်သည့် အစီအစဉ်လည်းဖြစ်သည်။ ယင်း အစည်းအဝေးသို့ အမေရိကန်သာသနာပြုဘုတ်အဖွဲ့မှ တက်ရောက်ရန် ဖိတ်ကြားသောကြောင့် သာသနာပြုဆရာ ‘ဆော်လမွန်ဝက်’သည် ယင်းအစည်းအဝေးတွင် ဥက္ကဋ္ဌနှင့်၊ ဒုတိယဥက္ကဋ္ဌမှာ ‘ဂျွန်နသန်ဝိတ်’နှင့် အာသံရောက် မစ္စတာ ‘ဘရောင်း’တို့ရွေးချယ်ခံရပြီး၊ အတွင်းရေးမှူးနှင့် တွဲဘက်အတွင်းရေးမှူးတွင် မစ္စတာ ‘စီ–ဘင်းနက်’နှင့် ဒေါက်တာ ‘ဒေါ်ဆင်’တို့ရွေးချယ်ခံရသည်။ အစည်းအဝေးတွင် တိုင်းရင်းသားလက်ထောက်ဆရာများအဖြစ် ဆရာဒွေး၊ ဆရာအောင်မိုး၊ ဆရာရွှေဒုတ်၊ ဆရာဇူးသီး၊ ဆရာရွှေအ နှင့် ဆရာအဗန်တို့ပါတက်ရောက်ကြသည်။”

‘အဲဒီမော်လမြိုင်အစည်းအဝေးမှာ ဒေသခွဲ အရ၊ ဘာသာစကားအုပ်စုခွဲအရပါ တက်ရောက် ကြတယ်လို့ကြားရပါတယ်ဆရာ’

(၁) မော်လမြိုင် မြန်မာ့ရေးရာအဖွဲ့မှဂျွန်နသန်ဝိတ်၊ တီ–ဆိုင်မွန်၊ ဂျေ–မာကစ်ဝဲလ်၊ အီး–အေစတီဗင်၊ တီအက်ပ်ရန်နေ။ (၂) မော်လမြိုင် ကရင့်ရေးရာအဖွဲ့မှအဲန်–အဲရစ်စ်၊ ဒဗလျူ–မိုး၊ စီ–မာစ်ဘတ်၊ ဂျေ–ဟင်တန်
(၃) ထားဝယ်စခန်းမှ စီ–ဘင်းနက်၊ ဘီ–သောမတ်စ်၊ ဒီ–အယ်ဘရေတန်၊ ဂျေ–ဘင်ဂျမင်၊ တီအယ်လင်။ (၄) ရခိုင်စခန်းမှ အဲလ်–အင်ဂေါလ်၊ အိပ်ချ်–အီးကနက်၊ ဂျေ–အာရ်နစ်စ်ဘက်။ (၅) သံတွဲစခန်းမှ အိပ်ချ်–အဲလ်ဗင်ပီတာ။ (၆) အာသံစခန်းမှ အင်–ဘရောင်း (အထူးဖိတ်ကြားခံရသူ)။ (၇) ဟောင်ကောင်စခန်းမှ ဒဗလျူ–ဒီး (အထူးဖိတ်ကြား ခံရသူ)။ ပျက်ကွက်သူ များမှာ ထားဝယ်စခန်းမှ အက်ဖ်–မေဆင်၊ ရခိုင်ဒေသမှ စီ–စီမိုးရ်၊ ပုသိမ်စခန်း မှ ဂျေ–အက်စ်ဘီတို့ ဖြစ်ကြသည်။

ယင်းမော်လမြိုင်အစည်းအဝေးသည် နှစ်ခြင်းသာသနာဒုတိယခေတ်ကိုသွားရာတွင် များစွာအထောက်အကူ ပြုလေသည်။ အောက်ပါအချက်အလက်များကို စဉ်းစားခဲ့ကြသည်။

၁ – ဒေသအသီးသီးတွင်တာဝန်ထမ်းဆောင်နေသော သာသနာဝန်ထမ်းအချင်းချင်း ပြန်လည်တွေ့ဆုံခွင့်၊
၂ – သာသနာဝန်ထမ်းချင်း အတွေ့အကြုံဖလှယ်ခွင့်၊
၃ – အောက်မြန်မာနိုင်ငံသာသနာပြုရေးစီမံချက်ရေး ဆွဲခွင့်။
၄ – ထိရောက်သောဟောပြောခြင်းနှင့် ပို့ချခြင်း နည်းလမ်းများရှာဖွေခွင့်။ ၅ – သာသနာပြုရေးတွင် ဆေးဝါးကုသခွင့်ကို ဆက်စပ်နိုင်ခဲ့သည်။

“ယင်းသို့ဖြင့် အနာဂတ်ကာလသာသနာ ပြုရေးလုပ်ငန်းတွင် တရားဟောခြင်း၊ ပို့ချခြင်း၊ စာပေသင်ကြားခြင်းအပြင် ဆေးဝါးကုသခြင်းပါ ပါဝင်လာလေ သည်။ ထိရောက်စွာဟောပြောပို့ချခြင်းနှင့် ဓမ္မစာစောင်များပုံနှိပ်ဖြန့်ချိခြင်းအပေါ် ခရစ်ယာန် အသုံးအနှုန်းဝေါဟာရများကို စနစ်တကျရှင်းလင်းချက် ထုတ်သူမှာ ဒေါက်တာမေဆင်ပင်ဖြစ်သည်။ ဒေါက်တာမေဆင်၏ရှင်းလင်းချက်အပေါ် သာသနာပြုဆရာများ နှင့် တိုင်းရင်းသားဆရာများက စိတ်ဝင်စားစွာ နားထောင်ကြသည်။ အထူးသဖြင့် ဒေါက်တာမေဆင်၏ ရှင်းလင်းချက်နှင့် ပမာဆောင်ချက်များသည် ဆရာယုဒသန်၏ အကောင်းဆုံးဘာသာပြန်ချက်များ

ထက်ပင် စိတ်ပါဝင်စားကြသည်" "ဥပမာအားဖြင့် ဘုရားသခင်၏အကောင်းဆုံးနှင့် အသန့်စင်ဆုံး နှုတ်ကပတ်တော်များကို မြန်မာတိုင်းရင်းသားတယောက်အနေဖြင့် တိတိကျကျ ပီပီပြင်ပြင် နားလည်ရန်ခက်ခဲသည် ဆိုသည့် အချက်ကို ဒေါက်တာမေဆင်က ရှင်းလင်းတင်ပြခြင်း ဖြစ်သည်။ ဤတွင် ထိုစဉ်ကဓမ္မစာစောင် ပုံနှိပ်ထုတ်ဝေခြင်း နှင့် ဖြန့်ချိခြင်းကို အကန့်အသတ်ဖြင့် လုပ်ဆောင်ရန် ဆုံးဖြတ်ရတော့သည်"

"နောက်ဆုံးအနေနဲ့ကတော့ ကိုဒေါင်းရေ၊ ကြီးထွားလာသည့်အသင်းတော်နှင့် တနေ့တခြား တိုးပွါးလာသည့်အသင်းဝင်များအရေအတွက်ပင်ဖြစ်သည်။ ယခုအခါ မြန်မာနှင့်ကရင်အသင်းတော်ပေါင်းမှာ ၁၁၇ သင်း၊ အသင်းဝင်ပေါင်းမှာ တသောင်းကျော် (၁၀,၀၀၀)၊ အသင်းတော်နှင့် အသင်းဝင်များကို ထိန်းကျောင်းရသော သင်းချုပ်ဆရာမှာ(၇)ဦးမျှသာရှိ၏။ ဤတွင် သာသနာပြုဆရာများပါ ကိုယ်တိုင်ဘုရားကျောင်းများကို ဝင်ရောက်၍ တွဲဘက်သင်းအုပ်ဆရာတာဝန် ထမ်းဆောင်ရပါတော့သည်။ အမျိုးသားတရားဟောဆရာ(ဓမ္မဆရာ)မှာ (၁၂၀)ဦးရှိရာ အများ စုမှာ မြန်မာဘုရင်ပိုင်နက်ထဲတွင် တာဝန်ထမ်းဆောင် နေကြသည်။"

**အနာဂတ်စာသင်ကျောင်းများအရေး**

"မော်လမြိုင်အစည်းအဝေးတွင် နောက်ဆုံး အရေးပါသည့်ကိစ္စတရပ်မှာနှစ်ခြင်းသာသနာမှ ဖွင့်လှစ်ထားသော စာသင်ကျောင်းများကိစ္စပင်ဖြစ်သည်။"

'ဟုတ်ကဲ့ဆရာ၊ နားထောင်နေပါတယ်။'

"နှစ်ခြင်းသာသနာကျောင်းတွေမှာ သာသနာပြုဆရာများနှင့် သူတို့၏ဇနီးများပါ တွဲဘက်တာဝန်ထမ်းဆောင်ကြရသည်။ ယင်းကျောင်းများ အနက် တနင်္သာရီတိုင်းတွင်ဖွင့်လှစ်သောကျောင်းများ မှာ အအောင်မြင်ဆုံးကျောင်းများပင်ဖြစ်သည်။ ယင်းသို့ တဘက်တွင်အောင်မြင်သော်လည်း တဘက်တွင် အခက်အခဲများကားရှိနေ၏။ စာသင်ကျောင်းအတွက် အမြဲတမ်းလိုအပ်နေသောဘဏ္ဍာရေး၊ ဘဏ္ဍာရေး မလုံလောက်သောကြောင့် သင်ကြားရေးတွင် စိတ်သွားတိုင်း ကိုယ်မပါဖြစ်ရသည်။ ထိုမှ ကျောင်း အုပ်ချုပ်ရေးကိစ္စနှင့် သင်ကြားရေးကိစ္စတို့မှာ သာ သနာပြုဆရာများအတွင်း အစဉ်မပြတ် ဆွေးနွေးနေရ သောကိစ္စပင်ဖြစ်သည်။ အောက်မြန်မာနိုင်ငံ တန်တလျား သာသနာပြုရန် စိတ်ကူးရှိနေသောကြောင့် သာသနာလုပ်ငန်းနှင့် စာသင်ကျောင်းများ တိုးချဲ့ ဖွင့်လှစ်ရေးမှာ တဆက်တစပ်တည်း ဆက်စပ်နေလေသည်။ သို့ဖြစ်၍ ယင်းကိစ္စကို အလေးထား၍ ဆွေးနွေးကြရ လေသည်။

(၁) မူလသာသနာပြုလုပ်ငန်းကိုမထိခိုက်စေသော ဘဏ္ဍာရေးနှင့်လူအင်အားပေါ်တွင်အခြေခံ၍ စာသင်ကျောင်းများဖွင့်လှစ်ရေး၊

(၂) ကျောင်းအရေအတွက်၊ ကုန်ကျစရိတ်သတ်မှတ် ချက်၊ ကန့်သတ်ချက်ဖြင့် သက်ဆိုင်ရာသာသနာပြု စခန်းနှင့် 'ဘော်စတွန်' ရှိသာသနာပြုဘုတ်အဖွဲ့ အပါအဝင် အမှုဆောင်ကော်မတီ၏ခွင့်ပြုချက်အရ ဖွင့်လှစ်ရမည်။

(၃) သာသနာပြုဆရာတယောက်သည် ယင်းကျောင်းများ၌ ဘာသာရေးသင်ခန်းစာပို့ချကူညီခြင်းထက် မကျော်လွန်စေရ။ ဆရာဖြစ်သင်ကျောင်းနှင့်ကျမ်းစာသင်ကျောင်း၌မူ သတ်မှတ်ထားသောတာဝန်အရ အချိန်ပြည့်တာဝန်ထမ်းဆောင်နိုင်သည်။

(၄) ခရစ်ယာန်ဘာသာဝင်မဟုတ်သောကလေးသူငယ်များအတွက် ကျေးရွာစာသင်ကျောင်းများ အကန့်အသတ်ဖြင့်ဖွင့်လှစ်နိုင်သည်။ သို့ရာတွင် ကျောင်းဆရာဝန်ထမ်းများမှာ ခရစ်ယာန်ဘာသာဝင်များဖြစ်ရမည်။ ကျောင်းသုံးစာအုပ်ကို ခရစ်ယာန်ဘာသာဝင် စာရေးဆရာများနှင့် သာသနာပြုဆရာများပင် ရေးသားပြုစုရမည်။

(၅) ခရစ်ယာန်မိသားစုကလေးသူငယ်များအတွက် ဖွင့်လှစ်သော အခြေခံမူလတန်းကျောင်းများ၏ ထောက်ပံ့မှုနှင့် အုပ်ချုပ်မှုကို သာသနာပြုအဖွဲ့ကတာဝန်ယူရမည်။

(၆) ဘော်ဒါကျောင်းများသည် ကုန်ကျစရိတ် သက်သာ ခြင်း၊ ကျောင်းသားအရေအတွက်နည်းပါးခြင်း၊ မပြတ်မလပ် ဂရုတစိုက်မပြုနိုင်သော အဆင့်နိမ့်ကျောင်းများအား အနာဂတ်၌ ဦးစားပေးဖွင့်လှစ်ခြင်းမပြုရ။

"ကိုဒေါင်းရေ၊ စာသင်ကျောင်းများ တိုးချဲ့ ဖွင့်လှစ်ရေး၊ ဖွင့်လှစ်ပြီးစာသင်ကျောင်းများ ဆက်လက်တည်တံ့ရေး၊ စည်ပင်ရေးတို့အတွက် ဆွေးနွေးနိုင်ပေမင့် အင်္ဂလိပ်စာသင်ကြားရေးကိုတော့ အစည်းအဝေးပြီးသည်အထိ မဆွေးနွေးနိုင်ဘဲရှိပါတယ်။ အစည်းအဝေး ပြီးခါနီးမှာ ရှေ့လုပ်ငန်းစဉ်အဖြစ် အောက်ပါအချက်(၄)ချက်ကို လည်း ချမှတ်ခဲ့ပါတယ်။"

၁။ ဆရာယုဒသန်ပျိုးထောင်ခဲ့သော ရန်ကုန် သာသနာဌာနချုပ်ကို လူအင်အားအသစ်ဖြည့်တင်း၍ မြန်မာတနိုင်ငံလုံး၏ဗဟိုချက်မအဖြစ် ပြန်လည် တည်ဆောက် ရန်။

၂။ ပုသိမ်သာသနာစခန်းအား အောက်မြန်မာနိုင်ငံ တခုလုံး၏ ဒုတိယချက်မအဖြစ်တည်ဆောက်ရန်။

၃။ ယင်းပုသိမ်စခန်းတွင် စကောကရင်အသင်းတော် တခုနှင့် ပိုးကရင်အသင်းတော်တခုအတွက် သာသနာပြု မိသားစု တစ်ခု တိုးချဲ့ဖြည့်တင်းရန်။

၄။ အတွေ့အကြုံရှိပြီးဖြစ်သော သာသနာပြုဆရာများ အားနောက်ထပ်တိုးချဲ့ဖွင့်လှစ်မည့်သာသနာစခန်းသစ် များ၌ တာဝန်ချထားပေးရန်။

(ဆက်လက်ဖော်ပြပါမည်။)

## စာမူများဖိတ်ခေါ်ခြင်း၊

**မြန်မာခရစ်ယာန်** စာစောင်တွင် နိုင်ငံရေး၊ လူမျိုးရေး၊ ပုဂ္ဂိုလ်ရေး၊ ဘာသာရေးနှင့် ဂိုဏ်းဂဏများ အချင်းချင်း ထိခိုက်စေမှုကင်းသော၊ ကဗျာ၊ ဆောင်းပါး၊ ဓါတ်ပုံ၊ သက်သေခံချက်၊ သတင်းတိုထွာများကိုပေးပို့ပါရန် ခရစ်တော်၏ နာမတော်မြတ်၌ ဖိတ်ခေါ်အပ်ပါသည်။

ဤစာစောင်ကို လစဉ်ပုံမှန်အလိုရှိသောသူများ၊ သက်ဆိုင်ရာ မိမိတို့၏အသင်းတော်အသီးသီး၌သော်၎င်း၊ အောက်ဖော်ပြပါလိပ်စာ၌သော်၎င်း၊ မှာကြားနိုင်ပါသည်။

Myanmar Christian Communication Service
1-11-13 Shin Ohashi
Yonezawa Bldg.4.F.
Koto-ku 135-0007
Tokyo, Japan

☎- & 🖷 - 03-5625-9056
e✉ - haukhek@yahoo.com
e✉ - lianthang@hotmail.com

To.